
MRF
Myanmar Rice Federation

# ANNUAL REPORT 2020





# အသင်းချုပ် ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြစာနှင့် နှုတ်ခွန်းဆက်စကား

**လေးစားချစ်ခင်ရပါသော အသင်းဝင်များနှင့် မိတ်ဆွေများခင်ဗျား -**

၁။ အသင်းချုပ်၏ ၂၀၁၈-၂၀၂၀ သက်တမ်းကာလအတွင်း ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အသင်းချုပ်၏ တည်ထောင်သူ ဥက္ကဋ္ဌကြီး ဦးချစ်ခိုင် တာဝန်မှအနားယူသွားသဖြင့် ( ၁၀.၂.၂၀၁၉ ) ရက်တွင်ကျင်းပသော အသင်းချုပ်၏အထွေထွေညီလာခံ နှင့် နှစ်ပတ်လည်အစည်းအဝေးမှ တာဝန်ပေးအပ်မှုကြောင့် ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌတာဝန်ကိုလည်းကောင်း၊ ဦးလူမော် မြင့်မောင်အနေဖြင့် အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကိုလည်းကောင်း လက်ကျန်သက်တမ်းအတွက် တာဝန်ထမ်းဆောင် လျက်ရှိပါသည်။

၂။ ၂၀၁၈-၂၀၂၀ သက်တမ်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ယခုနှစ်တွင် Coronavirus Disease – Covid 19 ဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ ယနေ့အထိ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများ၊ ကျန်းမာရေးဆိုင်ရာလိုက်နာ ဆောင်ရွက်ရမှုများနှင့် ကူးစက်ရောဂါထိန်းချုပ်ခြင်းဆိုင်ရာ နိုင်ငံတော်အစိုးရ၏ အစီအမံများကြောင့် ဆန်စပါးကဏ္ဍအတွင်း အခက်အခဲစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။ အသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် ဆန်စပါးနယ် ပယ်တွင် အတွေ့အကြုံများသော ပုသိမ်မြို့မှ ဦးမျိုးဝေ၊ မူဆယ်နယ်စပ်ကုန်သွယ်ရေး အဓိကလုပ်ကိုင်သော ကိုချမ်းသာဦး အပါအဝင် ကျွန်တော်တို့အားလုံး၏ ချစ်ခင်လေးစားသူအချို့နှင့် လုပ်ဖော်ကိုင်ဖက်အချို့တို့သည် ဤကာလအတွင်းတွင် ကွယ်လွန်အနိစ္စရောက်ကြသဖြင့် ဝမ်းနည်းကြေကွဲရသောအချိန် ကာလလည်းဖြစ်ပါသည်။

၃။ အသင်းချုပ်၏ ၂၀၁၈-၂၀၂၀ သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ပွဲကို (၁၅-၁၂-၂၀၁၇)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါ သည်။ ထိုနေ့က အဆင့်ဆင့်သောရွေးချယ်မှုများကိုဆောင်ရွက်ခဲ့ရာ ညအချိန် (၁၀)နာရီရောက်မှပြီးစီးခဲ့ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၂၁-၂၀၂၃ သက်တမ်းအတွက် ရွေးကောက်ပွဲကို ကျင်းပရမည်ဖြစ်သော်လည်း Covid-19 ကာလအတွင်း အချိန်ယူ၍ စနစ်တကျပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှုများရှိနေသောကြောင့်လည်းကောင်း၊ ဒေသကော်မတီများ ဆက်လက်ဖွဲ့စည်းရန် ကျန်ရှိနေသေးသောကြောင့်လည်းကောင်း၊ ရွေးကောက်ပွဲကို Online မှတဆင့် ကျင်းပနိုင်ရေးနှင့် electronic voting စနစ် စတင်ကျင့်သုံးနိုင်ရေးတို့အတွက် စနစ်တကျစီစဉ်ရန်လိုအပ်မှုတို့ကြောင့်လည်း ကောင်း ရွေးကောက်ပွဲကျင်းပရန် အထွေထွေညီလာခံကို ၂၀၂၁ ခုနှစ်၊ မတ်လ (သို့မဟုတ်) ဧပြီလမှ ခေါ်ယူဆောင်ရွက်ရန် အသင်းချုပ်၏ အမှုဆောင်ကော်မတီအစည်းအဝေးများမှ ဆုံးဖြတ်ထားမှုကိုလည်း အသင်းဝင်များကို လေးစားစွာဖြင့် အသိပေးလိုပါသည်။ အဆိုပါ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်ကိုလည်း တာဝန်ပေးဖွဲ့စည်းထားပြီးဖြစ်၍ ကော်မရှင်လူကြီးများအနေဖြင့် စနစ်တကျ ကွပ်ကဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ဤနှစ်ပတ်လည် အစီရင်ခံစာ (Annual Report) တွင် အသင်းချုပ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မှုများကို တတ်နိုင်သမျှ ပြည့်စုံစွာဖော်ပြထားပါသည်။ အသင်းချုပ်အနေဖြင့် စတင်ဖွဲ့စည်းတည်ထောင်စဉ်ကတည်းက ဥက္ကဋ္ဌကြီး ဦးချစ်ခိုင်၏ လမ်းညွှန်မှုများဖြင့် ဆန်စပါးကဏ္ဍနှင့်လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရန်၊ တောင်သူလယ်သမားများ၊ စက်ပိုင် များ၊ ကုန်သည်များနှင့် ကုမ္ပဏီများအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် တစ်စိုက်မတ်မတ် ရပ်တည်ကြိုးပမ်းလျက်ရှိပါသည်။ ယနေ့အချိန်ကာလတွင်လည်း စိုက်ပျိုးသည်မှ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ ရောင်းချ သည်အထိ နယ်ပယ်အစိတ်အပိုင်းများအားလုံးတွင် အသင်းချုပ်အနေဖြင့်ဖြစ်စေ၊ ညီနောင်အသင်းများနှင့် ပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍကို ဦးဆောင်သော ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) နှင့် ပူးပေါင်း၍ဖြစ်စေ ကြိုးပမ်းဆောင်ရွက်လုပ် ကိုင်လျက်ရှိပါသည်။ အစိုးရဌာနများနှင့်လည်းကောင်း၊ လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ဖွံ့ဖြိုး ရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း ဆန်စပါးလုပ်ငန်းတစ်ခုလုံး ရေရှည်စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေရေးကို ရှေ့ရှုလုပ်ဆောင်လျက်ရှိပါသည်။

၅။ အသင်းချုပ်အနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အောက်ပါတို့ကိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကောက်နုတ်တင်ပြလိုပါသည်-

(၁) ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီတို့တွင် ဒေသကော်မတီ စုစုပေါင်း(၁၃)ခုကို ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ အသင်းဝင်ကုမ္ပဏီ (၉၄)ခု တိုးလာသဖြင့် စုစုပေါင်းအသင်းဝင်ကုမ္ပဏီ (၅၃၇) ခု ဖြစ်လာခြင်း

(၂) Covid 19 ကာလအတွင်း ပြည်တွင်းစားသုံးသူပြည်သူလူထုအတွက် ဆန်စပါးဖူလုံမှုနှင့် ဈေးနှုန်းတည်ငြိမ်စေရန် နိုင်ငံတော်အစိုးရဌာနများ၊ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော်၏ ရိက္ခာဖြန့်ဖြူးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ Covid 19 ကာလအတွင်းအသင်းဝင်များ၏ ပူးပေါင်းကူညီမှုဖြင့် ဆန်အိတ်များနှင့် ငွေကြေးလှူဒါန်းမှုများပြုလုပ်နိုင်ခဲ့ခြင်း

(၃) Covid 19 ကာလအတွင်း ပြည်ပတင်ပို့မှုကို ပုံမှန်လုပ်ဆောင်နိုင်စေရန်ကြိုးပမ်းနိုင်ခဲ့ခြင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နိုင်ငံပေါင်း(၆၀)ကျော်ထံသို့ ဆန်၊ ဆန်ကွဲတန်ချိန် စုစုပေါင်း(၂.၅)သန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့ခြင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း စပါးပေါ်ချိန်တွင် တောင်သူများ စပါးဈေးကောင်းရရှိနိုင်ခဲ့ခြင်း

(၄) နိုင်ငံတော်အစိုးရ၏ Covid-19 Economic Relief Plan (CERP) အရ ချေးငွေအစီအစဉ်တွင် ဆန်စက်လုပ်ငန်းများ၊ ဆန်စပါးအခြေခံ စားသောက်ကုန်ထုတ်လုပ်ငန်းများ စုစုပေါင်း(၁၅၀၀)ကျော်အနေဖြင့် ချေးငွေများတင်ပြလျှောက်ထားရယူနိုင်ရေးအတွက် ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) နှင့် ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ခြင်း

(၅) နိုင်ငံတော်အစိုးရ နှင့် အသင်းချုပ်၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် တရုတ်နိုင်ငံသို့ ဆန်ကွဲ တရားဝင်တင်ပို့ရောင်းချနိုင်ခြင်းနှင့် တရုတ်နိုင်ငံ GACC အသိအမှတ်ပြု ကုမ္ပဏီ(၄၃)ခုအထိ တိုး၍ တင်ပို့ရောင်းချနိုင်ခြင်း

(၆) မျိုးစေ့ထုတ်တောင်သူလယ်သမားများအတွက် WHH နှင့် ပူးပေါင်းကူညီပေးနိုင်ခဲ့ခြင်းနှင့် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီသည့် Digital Marketplace ဖြစ်သည့် Myanmar Rice Online ကို စတင်မိတ်ဆက်နိုင်ခဲ့ခြင်း

(၇) အနာဂါတ်မျိုးဆက်သစ်များအတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်နိုင်မည့် မြန်မာနိုင်ငံ လူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းကို ညီနောင်အသင်းအဖြစ် တရားဝင် ဖွဲ့စည်းတည်ထောင်ခွင့်ပြုမိန့်ရရှိခြင်း

(၈) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး Contract Farming အတွက် SOPs များ ရေးဆွဲနိုင်ခဲ့ပြီး Covid-19 ကာလ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေရေးအတွက် ၂၀၂၀ မိုးစပါးရာသီတွင် အသင်းဝင်ကုမ္ပဏီ(၆၂)ခုမှ Contract Farming ဧက(၁၂၉,၀၀၀) ကို စိုက်ပျိုးရေးဦးစီးဌာန အကူအညီဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

(၉) တောင်သူလယ်သမားများ၏ စပါးများပေါ်ချိန် ဈေးနှုန်းကျဆင်းမှု၊ ဈေးနိမ်ခံရမှု မရှိစေရေးအတွက် အခြေခံစပါးဈေးနှုန်း ထုတ်ပြန်ကြေညာနိုင်ရေးကို "တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့" နှင့် "လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့" တို့ထံသို့ အကြံပြုချက်များပေးပို့တင်ပြခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

၆။ အထက်ဖော်ပြပါ လုပ်ငန်းအချို့ကို ဆောင်ရွက်နိုင်ခဲ့သလို ဆောင်ရွက်ပြီးစီးရန် ကျန်ရှိနေသေးသည့် လုပ်ငန်းများလည်း ရှိနေပါသည်။ ဆန်စပါးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်အပြင် ပါဝင်လုပ်ဆောင်နေသူ(stakeholder)များ၏ လိုအပ်ချက်များ၊ မျှော်မှန်းချက်များသည်လည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားသဖြင့် အသင်းချုပ်အနေဖြင့် တတ်စွမ်းသမျှလုပ်ဆောင်သင့်သည်များကို ဦးစားပေးရွေးချယ်ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာ့ဆန်စပါးကဏ္ဍတစ်ခုလုံး ဟန်ချက်ညီစွာ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် အသင်းချုပ်အနေဖြင့် နိုင်ငံတော်အစိုးရအသစ်နှင့်အတူပူးပေါင်း၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၇။ အသင်းချုပ် အသင်းဝင်များ အတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် တည်ထောင်ထားသည့် Myanmar Rice Online – Digital Platform မှတဆင့် ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များကို ထိရောက်အကျိုးရှိစွာ ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၁ ခုနှစ် နှစ်သစ်တွင် အသင်းဝင်များနှင့် မိတ်ဆွေသင်္ဂဟများအားလုံး Covid-19 ဘေးရန်မှ ကင်းဝေးစေရန်နှင့် မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် မေတ္တာပို့သဆန္ဒပြုပါကြောင်း ဖော်ပြအပ်ပါသည်။

(ရဲမင်းအောင်)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# အသင်းချုပ်၏ ရည်ရွယ်ချက်များ

၁။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆန်စပါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် အထောက်အကူပြုရန်။

၂။ အသင်းချုပ်သည် ဆန်စပါးဆိုင်ရာအသင်းများကို ဦးဆောင်ဦးရွက်ပြု၍ ဆန်စပါးလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်။

၃။ အသင်းချုပ်သည် ဆန်စပါးဆိုင်ရာအသင်းများကြားတွင် ညီညွတ်မှု၊ စည်းလုံးမှု၊ စာနာနားလည်မှု၊ တိုင်ပင်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အထကောင်းများကို စုပေါင်းဦးဆောင်မှုစနစ်ဖြင့် ဖော်ဆောင်ရန်။

၄။ ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များ၏ လုပ်ငန်းရည်ရွယ်ချက်များကို အောင်မြင်အထမြောက်စေရန်အတွက် ပံ့ပိုးကူညီပေးရန်။

၅။ အသင်းချုပ်သည် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးကို လွတ်လပ်စွာတီထွင်ကြံဆမှု၊ တရားမျှတမှု၊ သာတူညီမျှရှိမှု တို့ကို အခြေခံ၍ ဒီမိုကရေစီနည်းလမ်းများဖြင့် ဖော်ဆောင်ရန်။

၆။ အသင်းချုပ်သည် နိုင်ငံတော်နှင့် ဆန်စပါးလုပ်ကိုင်သူများအကြား ပေါင်းကူးသဖွယ်ဆောင်ရွက်ရန်နှင့် အသင်းဝင်များ အသင်းသားများကြားတွင် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးရန်။

၇။ အသင်းချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ရှိသောလွှတ်တော်အသီးသီးနှင့် ရေးရာကော်မတီများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ သတင်းမီဒီယာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

၈။ အသင်းချုပ်သည် ဆန်စပါးနှင့်သက်ဆိုင်သော သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာပေးရေးလုပ်ငန်းများ သတင်း အချက်အလက်နှင့် နည်းပညာစုဆောင်းဖြန့်ဝေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်။

# အသင်းချုပ်၏ အကြံပေးပုဂ္ဂိုလ်များ

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁။ | ဒေါက်တာမြင့်သိန်း | ၈။ | ဦးမျိုးဦး |
| ၂။ | ဦးတင်ထွဋ်ဦး | ၉။ | ဦးသန်းထွန်းအောင် |
| ၃။ | ဒေါက်တာစိန်လှဗိုလ် | ၁၀။ | ဒေါက်တာမင်းအောင် |
| ၄။ | ဒေါက်တာမြင့်သောင်း | ၁၁။ | ဒေါက်တာထွန်းဂင်း |
| ၅။ | ဦးခင်စိုး | ၁၂။ | ဦးအောင်ဆန်း |
| ၆။ | ဦးဘဟိန်း | ၁၃။ | ဦးကျော်ဇောမောင် |
| ၇။ | ဦးသန်းအေး | ၁၄။ | ဦးလွင်ဦး |

# အသင်းချုပ်၏ နာယက၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အထွေထွေညီလာခံကိုယ်စားလှယ်များ၏ အမည်စာရင်း

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နာယက

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးချစ်ခိုင် | နာယက |

## ၂၀၁၈–၂၀၂၀ ခုနှစ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီ

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးချစ်ခိုင် | ဥက္ကဋ္ဌ(၂၀၁၈-၂၀၁၉) ဖေဖော်ဝါရီလအထိ |
| ၂။ | ဦးရဲမြင့်အောင် | ဥက္ကဋ္ဌ(၂၀၁၉ ဖေဖော်ဝါရီလမှ ယနေ့အထိ)<br>အထွေထွေအတွင်းရေးမှူး(၂၀၁၈-၂၀၁၉) ဖေဖော်ဝါရီလအထိ |
| ၃။ | ဦးတင်ဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးအောင်သန်းဦး | ဒုတိယဥက္ကဋ္ဌ |
| ၅။ | Dr မျိုးအောင်ကျော် | ဒုတိယဥက္ကဋ္ဌ |
| ၆။ | ဦးသောင်းဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၇။ | ဦးကျော်ဝင်း | ဒုတိယဥက္ကဋ္ဌ |
| ၈။ | ဦးအာယု | ဒုတိယဥက္ကဋ္ဌ |
| ၉။ | ဦးလှမော်မြင့်မောင် | အထွေထွေအတွင်းရေးမှူး(၂၀၁၉ ဖေဖော်ဝါရီလမှ ယနေ့အထိ)<br>တွဲဖက်အထွေထွေအတွင်းရေးမှူး(၂၀၁၈ - ၂၀၁၉) ဖေဖော်ဝါရီလအထိ |
| ၁၀။ | ဦးနေလင်းဇင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၁။ | ဦးနေလင်း | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၂။ | ဦးအောင်ဇော်ဦး | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၃။ | ဦးရာဇာမျိုး | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၄။ | ဦးဝေယံတင့်ဆန်း | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၅။ | Dr. ကျော်ကျော်အောင် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ၁၆။ | ဦးသောင်းတိုက်စိုး | တွဲဖက်အထွေထွေအတွင်းရေးမှူး(၂၀၁၉ ဖေဖော်ဝါရီလမှ ယနေ့အထိ)<br>ဗဟိုအလုပ်အမှုဆောင်(၂၀၁၈ - ၂၀၁၉) ဖေဖော်ဝါရီလအထိ |
| ၁၇။ | ဦးအောင်မြင့် | ဘဏ္ဍာရေးမှူး |
| ၁၈။ | ဒေါ်သီတာဝင်း | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၁၉။ | ဒေါ်ချိုချို | တွဲဖက်ဘဏ္ဍာရေးမှူး |
| ၂၀။ | ဦးမျိုးသူရအေး | စာရင်းစစ် |
| ၂၁။ | ဒေါ်ခင်ဖြူဖြူကျော် | တွဲဖက်စာရင်းစစ် |
| ၂၂။ | ဦးဇေယျာမျိုး | တွဲဖက်စာရင်းစစ် |

## အသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁။ | ဒေါက်တာစိုးထွန်း | ၂၅။ | ဦးထင်ဇော်လှိုင် |
| ၂။ | ဦးသတိုးဟိန်း | ၂၆။ | ဦးဖြိုးသောင်းဝင်း |
| ၃။ | ဦးကြည်ထွန်း | ၂၇။ | ဒေါ်မြင့်မြင့်သောင်း |
| ၄။ | ဦးကျော်ကိုဆန်း | ၂၈။ | ဦးမိုက်(ခ)ဦးတင်လှိုင်ဂင်း |
| ၅။ | ဦးကျော်ကျော်ဝင်း | ၂၉။ | ဦးမြင့်သန်း |
| ၆။ | ဦးကျော်ကျော်မိုး | ၃၀။ | ဦးမောင်မောင်ဇော် |
| ၇။ | ဦးကျော်စိုးမိုး | ၃၁။ | ဦးရဲမွန် |
| ၈။ | ဦးခင်မောင်ဝင်း | ၃၂။ | ဦးဝင်းရွှေ |
| ၉။ | ဦးခိုင်ဦး | ၃၃။ | ဒေါ်ဝင်းဝင်းမော် |
| ၁၀။ | ဒေါ်ခင်မိမိစိုး | ၃၄။ | ဦးသိန်းမြင့် |
| ၁၁။ | ဦးငွေအောင် | ၃၅။ | ဦးသန်းဝင်း |
| ၁၂။ | ဦးစိုးဝင်း(ပုသိမ်) | ၃၆။ | ဦးသိန်းတိုး |
| ၁၃။ | ဦးစိုးဝင်း | ၃၇။ | ဦးသန်းထိုက် |
| ၁၄။ | ဦးစိုးမောင် | ၃၈။ | ဦးသန်းဌေးဦး |
| ၁၅။ | ဦးစိုင်းကျော် | ၃၉။ | ဦးသန်းဦး |
| ၁၆။ | Dr. ဇော်မင်းထွန်း | ၄၀။ | ဦးသောင်းတိုက်စိုး |
| ၁၇။ | ဦးဇော်လွင်ဦး | ၄၁။ | ဦးဟန်စိန် |
| ၁၈။ | ဦးညီညီထွန်း | ၄၂။ | ဦးအောင်ကျော်ဦး |
| ၁၉။ | ဦးဌေးလွင် | ၄၃။ | ဦးအောင်မွန် |
| ၂၀။ | ဦးတင်မောင်ဆင့် | ၄၄။ | ဦးအောင်ခန့် |
| ၂၁။ | ဦးတင်အောင်လတ် | ၄၅။ | ဦးအုန်းဟန် |
| ၂၂။ | ဦးတင့်အောင် | ၄၆။ | ဦးအောင်ကျော်စိုး |
| ၂၃။ | ဦးတင်မောင်လှိုင် | ၄၇။ | ဦးအောင်စိုးသာ |
| ၂၄။ | ဦးတင်မောင်ဝင်း | ၄၈။ | ဦးဦးဘိုးသိန်း |

## အသင်းချုပ်၏ အလုပ်အမှုဆောင်ကော်မတီဝင်များ

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁။ | ဦးကျော်တင်မြင့် | ၃၈။ | ဦးမိုးအောင်ကျော် |
| ၂။ | ဦးကျော်ဇောအောင် | ၃၉။ | ဦးမောင်လှမြင့် |
| ၃။ | ဦးကျော်အေး | ၄၀။ | ဦးမောင်မောင်ဝင်း |
| ၄။ | ဦးကဲပ်ချင်း | ၄၁။ | ဦးမျိုးနိုင် |
| ၅။ | ဦးကျော်မင်းနိုင် | ၄၂။ | ဦးမင်းယု |
| ၆။ | ဦးကင်ချိန်း | ၄၃။ | ဦးမြတ်သူရအောင် |
| ၇။ | ဦးကောင်းထက်ရှိန် | ၄၄။ | ဦးမောင်မောင်သက် |
| ၈။ | ဦးကျော်မင်း | ၄၅။ | ဦးမြင့်ဦး(မအူပင်) |
| ၉။ | ဦးကိုကိုနိုင် | ၄၆။ | ဦးမြင့်နိုင်ဝင်း |
| ၁၀။ | ဦးကျော်လင်းမောင် | ၄၇။ | ဦးယောင်း |
| ၁၁။ | ဦးကျော်မျိုးထွန်း(ခ) အောင်သန်းဦး | ၄၈။ | ဒေါ်ယမင်းနိုင် |
| ၁၂။ | ဦးကျော်ကျော်နိုင် | ၄၉။ | ဦးရဲထွန်းဦး |
| ၁၃။ | ဦးကျော်ဝင်းသန်း | ၅၀။ | ဦးရွှေထွန်း |
| ၁၄။ | ဦးခင်မောင်စိုး | ၅၁။ | ဦးရွှေထွန်းအောင် |
| ၁၅။ | ဦးခင်မြင့် | ၅၂။ | ဦးလှသိန်း |
| ၁၆။ | ဦးခင်မောင်ချို | ၅၃။ | ဦးလှမိုး(ခ) ဦးထိုင်ထိုင် |
| ၁၇။ | ဦးစိန်အေးမောင် | ၅၄။ | ဦးလှဆင့် |
| ၁၈။ | ဦးစောမောင်(စစ်ကိုင်း) | ၅၅။ | ဦးလှမြင့် |
| ၁၉။ | ဒေါ်စိုးစန္ဒာအောင် | ၅၆။ | ဦးလင်းလင်းနိုင် |
| ၂၀။ | ဦးစိုးမြတ်သူ | ၅၇။ | ဦးလှိုင်စိုး |
| ၂၁။ | ဦးစိုင်းထွေးမောင် | ၅၈။ | ဦးလှမျိုး |
| ၂၂။ | ဦးဆွေဦး | ၅၉။ | ဦးလှဦး |
| ၂၃။ | ဒေါ်ဇင်မင်းမင်းဦး | ၆၀။ | ဦးဝင်းမြင့်လှိုင် |
| ၂၄။ | ဦးဇော်ခိုင်(ခ) ကိုကျော်ကျော် | ၆၁။ | ဦးဝင်းနိုင် |
| ၂၅။ | ဦးဉာဏ်ဝင်း | ၆၂။ | ဦးဝင်းမောင် |
| ၂၆။ | ဦးဌေးကြွယ်(တွံတေး) | ၆၃။ | ဦးဝင်းဦး |
| ၂၇။ | ဦးဌေးဦး | ၆၄။ | ဦးသိန်းလှိုင် |
| ၂၈။ | ဦးတင်အောင်သန်း | ၆၅။ | ဦးသိန်းဝင်း(မကွေး) |
| ၂၉။ | ဦးတင်အောင် | ၆၆။ | ဦးသန်းထိုက်အေး |
| ၃၀။ | ဦးတင်ဌေး | ၆၇။ | ဒေါ်သန်းသန်းမြင့် |
| ၃၁။ | ဦးတင်မြင့်ဦး | ၆၈။ | ဦးသံချောင်း |
| ၃၂။ | ဦးထွေးမြင့် | ၆၉။ | ဦးသန်းရွှေ |
| ၃၃။ | ဦးထွန်းလင်း | ၇၀။ | ဦးသိန်းမြင့်(မွန်) |
| ၃၄။ | ဦးထင်အောင် | ၇၁။ | ဦးအောင်ကျော်ဆွေ |
| ၃၅။ | ဦးနိုင်လင်း | ၇၂။ | ဦးအောင်ဇော်ထက် |
| ၃၆။ | ဦးပြည့်ဖြိုးအောင် | ၇၃။ | ဦးအောင်သိန်း |
| ၃၇။ | ဦးဘဟိန်း | ၇၄။ | ဦးအောင်ဝင်း |

# အသင်းချုပ်၏ အထွေထွေညီလာခံကိုယ်စားလှယ်များ

## ကြိတ်ခွဲမှုကဏ္ဍ

| စဉ် | အမည် |
|---|---|
| ၁။ | ဦးအောင် |
| ၂။ | ဦးစိန်မြင့်နိုင် |
| ၃။ | ဒေါ်လှမြင့်သိန်း |
| ၄။ | ဦးစိုးဝင်း |
| ၅။ | ဦးညွန့်ဦး |
| ၆။ | ဦးလှမြင့် |
| ၇။ | ဦးရှုမောင် |
| ၈။ | ဦးသိန်းလွင် |
| ၉။ | ဦးနိုင်ဦး |
| ၁၀။ | ဦးမောင်မောင်ဝင်း |
| ၁၁။ | ဦးနေလင်း |
| ၁၂။ | ဦးသန်းမင်းထွန်း |
| ၁၃။ | ဦးလှရွှေ(ခ)ဦးတုတ် |
| ၁၄။ | ဦးဖုန်းနိုင် |
| ၁၅။ | ဦးညွန့်လွင် |
| ၁၆။ | ဦးကျော်မင်းဇင် |
| ၁၇။ | ဦးစောမောင် |
| ၁၈။ | ဦးမျိုးဆက် |
| ၁၉။ | ဦးအောင်ကျော်ဂင်း |
| ၂၀။ | ဦးဂင်းလှိုင် |
| ၂၁။ | ဦးမျိုးထွန်း |
| ၂၂။ | ဦးတင့်အောင်(ကော့မှူး) |
| ၂၃။ | ဦးအောင်သန်းစိုး |
| ၂၄။ | Dr. ရာဇာအေးမင်းထွန်း |
| ၂၅။ | ဦးစိန်ဂင်း |
| ၂၆။ | ဦးရန်မျိုးအောင် |
| ၂၇။ | ဦးထက်အောင်ရှိန်း |
| ၂၈။ | ဦးအောင်ဘိုဘိုကျော် |
| ၂၉။ | ဦးသိန်းဇော်ဦး |
| ၃၀။ | ဦးအေးမင်းထွန်း |
| ၃၁။ | ဦးတင်ထွန်းအောင် |
| ၃၂။ | ဦးတင်ဂင်းအောင်(ပဲခူးရှေ့) |
| ၃၃။ | ဦးလှသိန်း |
| ၃၄။ | ဦးသန်းထိုက် |
| ၃၅။ | ဦးမင်းလွင်ဦး |
| ၃၆။ | ဦးမြင့်ဂမ်း |
| ၃၇။ | ဦးဂင်းရွှေ |
| ၃၈။ | ဦးကျော်သူသောင်းစိန် |

## ကုန်သွယ်မှုကဏ္ဍ

| စဉ် | အမည် |
|---|---|
| ၁။ | ဦးမောင်ထွေးဝေ |
| ၂။ | ဦးချစ်လွင် |
| ၃။ | ဦးစိုးမြင့် |
| ၄။ | ဦးအောင်ဂင်း |
| ၅။ | ဦးစိန်ဝင်း |
| ၆။ | ဦးမြင့်လွင် |
| ၇။ | ဦးကျော်မင်းဌေး |
| ၈။ | ဦးကျော်အောင် |
| ၉။ | ဦးတင်ကိုကို |
| ၁၀။ | ဦးခင်မောင်လှ |
| ၁၁။ | ဦးတင်စိုး |
| ၁၂။ | ဦးမျိုးမင်းကြွယ် |
| ၁၃။ | ဦးစိုးစိုးလင်း |
| ၁၄။ | ဦးသိန်းဂင်း |
| ၁၅။ | ဦးယဉ်ဌေး |
| ၁၆။ | ဦးအောင်မြင့် |
| ၁၇။ | ဦးလင်းအောင်သက် |
| ၁၈။ | ဦးသိန်းတန် |
| ၁၉။ | ဦးကျော်စိုး(ချမ်းသာ) |
| ၂၀။ | ဦးတင်ထွန်းအောင်(ရှမ်း) |
| ၂၁။ | ဦးစိုင်းထွန်းမြတ် |
| ၂၂။ | ဦးအောင်ကြည်စိုး |
| ၂၃။ | ဦးအောင်မျိုးနိုင်(ခ)ကိုတိုးကြီး |
| ၂၄။ | ဦးမျိုးအောင် |
| ၂၅။ | ဦးတိုးဆွေ |
| ၂၆။ | ဦးဆန်းလှိုင်(ခ)ကိုဘာဘူ |
| ၂၇။ | ဦးထွန်းဂင်း |
| ၂၈။ | ဦးရဲထွန်း |
| ၂၉။ | ဒေါ်ချိုချို(အိုကေ) |
| ၃၀။ | ဒေါ်နွယ်နွယ်ဂင်း |
| ၃၁။ | ဒေါ်တင်တင်မော် |
| ၃၂။ | ဦးသန့်လွင်ဦး |
| ၃၃။ | ဦးမင်းထက်အောင် |
| ၃၄။ | ဦးတင်မြ |
| ၃၅။ | ဦးစောပိုမှူး |
| ၃၆။ | ဦးသိန်းဇံ |
| ၃၇။ | ဦးရဲကျော်ညွန့် |
| ၃၈။ | ဦးမြင့်ဦး |

## စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ

| စဉ် | အမည် |
|---|---|
| ၁။ | ဦးအောင်စိုးမိုး |
| ၂။ | ဒေါ်တင်တင်လှိုင် |
| ၃။ | ဦးထွန်းရင် |
| ၄။ | ဦးထွန်းဇော်မိုး |
| ၅။ | ဦးအောင်သူ |
| ၆။ | ဦးမောင်မောင်တင် |
| ၇။ | ဦးကောင်းစည်သူ |
| ၈။ | ဒေါ်တင်မိုးဝေ |
| ၉။ | ဒေါ်တင်တင်ဂင်း |
| ၁၀။ | ဦးတင်ထွန်း |
| ၁၁။ | ဦးဖြိုး |
| ၁၂။ | ဦးချစ်ကိုကို |
| ၁၃။ | ဦးသိန်းတိုး |
| ၁၄။ | ဦးသူရထိုက် |
| ၁၅။ | ဦးလှလင်း |
| ၁၆။ | ဦးသန်းထွန်း |
| ၁၇။ | ဦးစိုးခိုင် |
| ၁၈။ | ဦးစိုးနိုင်ဦး |
| ၁၉။ | ဦးဆိုင်းယော်ပန် |
| ၂၀။ | ဦးအေးလင့် |
| ၂၁။ | ဦးအောင်ကျော်မြ |
| ၂၂။ | ဦးသိန်းချစ် |
| ၂၃။ | ဦးကျော်ဇေယျာလွင် |
| ၂၄။ | ဦးစိုးနိုင်ကျော် |
| ၂၅။ | ဦးကျော်စွာ |
| ၂၆။ | ဦးကောင်းယဉ်ထက် |
| ၂၇။ | ဦးစန်းမောင် |
| ၂၈။ | ဦးအောင်ကြည်မိုး |
| ၂၉။ | ဦးသန်းရွှေ |
| ၃၀။ | ဦးတင်ညိမ် |
| ၃၁။ | ဦးငယ် |
| ၃၂။ | ဦးမင်းအောင် |
| ၃၃။ | ဦးစံပေါင် |
| ၃၄။ | ဦးကျော်ညွန့် |
| ၃၅။ | ဦးဂင်းလှိုင် |
| ၃၆။ | ဦးကျော်လွင်အောင် |
| ၃၇။ | ဦးအောင်ဇော်ထွန်း |
| ၃၈။ | ဦးသန်းမြင့် |

## MRF & Others

| စဉ် | အမည် |
|---|---|
| ၁။ | ဦးကိုကြီး(ဖြူး) |
| ၂။ | ဦးကျင်သိန်း |
| ၃။ | ဦးကျော်ကျော်လင်း |
| ၄။ | ဦးကောင်းဇံ |
| ၅။ | ဦးကြည်သာလင်း |
| ၆။ | ဒေါ်ကျော့ကေခိုင် |
| ၇။ | ဦးကျော်ငြိမ်း |
| ၈။ | ဒေါ်ခင်မျိုးခိုင် |
| ၉။ | ဦးစိုင်းကျော်လင်း |
| ၁၀။ | ဒေါက်တာစိုးမြင့် |
| ၁၁။ | ဒေါ်ဇင်မာဂင်း |
| ၁၂။ | ဦးဇေယျာမျိုး(ဂါရွှေဇင်) |
| ၁၃။ | ဦးဇော်မင်းဦး |
| ၁၄။ | ဒေါက်တာဇော်နိုင် |
| ၁၅။ | ဦးညီညီလွင် |
| ၁၆။ | ဦးဌေးအောင် |
| ၁၇။ | ဦးတင်အောင်လေး |
| ၁၈။ | ဦးတင်ရီ(တောင်သူ) |
| ၁၉။ | ဦးမြစိန်(ဖျာပုံ) |
| ၂၀။ | ဒေါ်မိုးမိုးခိုင် |
| ၂၁။ | ဦးမောင်နဖြူ |
| ၂၂။ | ဦးမန်းလုံကျော် |
| ၂၃။ | ဦးမောင်မောင်ခိုင်(မြေသြ) |
| ၂၄။ | ဦးမိုးမင်းဂင်း |
| ၂၅။ | ဦးမြင့်ဦး(ညောင်တုန်း) |
| ၂၆။ | ဦးရဲနောင် |
| ၂၇။ | ဦးလှဖြိုးအောင် |
| ၂၈။ | ဦးဂင်း |
| ၂၉။ | ဦးသစ်လွင် |
| ၃၀။ | ဦးသန်းဂင်း |
| ၃၁။ | ဦးသော်တာထွန်း |
| ၃၂။ | ဦးသန်းတင့် |
| ၃၃။ | ဦးအောင်ဘသာ |
| ၃၄။ | ဦးအောင်ကို |
| ၃၅။ | ဦးအေးသောင်း |
| ၃၆။ | ဦးအောင်သန်းထွန်း |
| ၃၇။ | ဒေါ်အိအိဖြိုး |
| ၃၈။ | ဦးမြင့်နိုင် |

# အမြဲတမ်းကော်မတီများ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ရည်ရွယ်ချက်များအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ဖော်ပြပါ အမြဲတမ်းကော်မတီများကို အထွေထွေညီလာခံကိုယ်စားလှယ်များ၊ ဗဟိုအလုပ်မှုဆောင်များ၊ အလုပ်အမှုဆောင်များ ပါဝင်လျက် ဖွဲ့စည်းထားပါသည်-

(က) အသင်းသားရေးရာကော်မတီ
Membership Committee

(ခ ) သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီ
Research and Development Committee

(ဂ ) အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကော်မတီ
International Relations Committee

(ဃ) တောင်သူလယ်သမားရေးရာကော်မတီ
Farmer Affairs Committee

(င ) အငြင်းပွားမှုဖြန်ဖြေရေးကော်မတီ
Mediation and Dispute Settlement Committee

(စ ) ရန်ပုံငွေရှာဖွေရေးကော်မတီ
Fund Raising Committee

# လုပ်ငန်းကော်မတီများ

အသင်းချုပ်၏ အထွေထွေညီလာခံကိုယ်စားလှယ်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အကြံပေး ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်သောလုပ်ငန်းကော်မတီများကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းလုပ်ဆောင်လျက် ရှိပါသည်-

(၁) ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
(MRF Working Committee for Paddy Production (MRF-WC-PP) )

(၂) အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲသန့်စင်ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ
(MRF Working Committee for Dying, Storage & Processing (MRF-WC-DSP) )

(၃) စက်မှုလယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ
(MRF Working Committee for Agriculture Mechanization (MRF-WC-AM) )

(၄) ဆန်ပြည်ပတင်ပို့မှု၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ လေ့လာသုံးသပ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ
(MRF Working Committee for Rice Export, Market and Price (MRF-WC-REMP))

(၅) MSME များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ
(MRF Working Committee for MSMEs (MRF-WC-MSME)

(၆) စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီ
(MRF Working Committee for Capacity Enhancement, R and D (MRF-WC-CER&D) )

(၇) မြန်မာ့ဆန်စပါး စံချိန်စံညွှန်း အလေးချိန်၊ အချိန်အတွယ်နှင့် အရည်အသွေးစံနှုန်းများ သုံးသပ်အကြံပြုတင်ပြရေးကော်မတီ
(MRF Working Committee for Standards & Specifications for Paddy and Rice) (MRF-WC-SSPR)

(၈) မြန်မာ့စပါးအရည်အသွေး၊ စံချိန်စံညွှန်းများ အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ

(၉) ဖွဲ့စည်းပုံများရေးဆွဲရေး လုပ်ငန်းကော်မတီ

(၁၀) ဆန်စက်များအား ဆန်ကြိတ်ခွဲမှုအဆင့်အတန်းအလိုက် စနစ်တကျစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းကော်မတီ

(၁၁) ဆန်ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးကော်မတီ
(MRF-Rice Export Promotion Committee)

(၁၂) နိုင်ငံတော်အရန်ရိက္ခာဆန် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကော်မတီ

(၁၃) အထူးလုပ်ငန်းအဖွဲ့ (MRF COVID-19 Emergency Response Tesk Force)

အဆိုပါ လုပ်ငန်းကော်မတီများအနေဖြင့် အသင်းချုပ်နှင့် အသင်းဝင်များကြားတွင်လည်းကောင်း၊ အသင်းချုပ်နှင့် ညီနောင်အသင်းများကြားတွင်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

# ကော်မတီများ၊ လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ

အသင်းချုပ်၏ ကော်မတီများ၊ လုပ်ငန်းကော်မတီများတွင် ရည်ရွယ်သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအား အောက်ဖော်ပြပါ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများမှ အဓိက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ကြပါသည်-

| စဉ် | ကော်မတီအမည် | ဥက္ကဋ္ဌ | အတွင်းရေးမှူး |
|---|---|---|---|
| ၁။ | စီမံခန့်ခွဲရေးကော်မတီ | ဦးရဲမင်းအောင် | ဦးလှမော်မြင့်မောင် |
| ၂။ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ | ဦးရဲမင်းအောင် | ဦးလှမော်မြင့်မောင် |
| ၃။ | အလုပ်အမှုဆောင်ကော်မတီ | ဦးရဲမင်းအောင် | ဦးလှမော်မြင့်မောင် |
| ၄။ | အသင်းသားရေးရာကော်မတီ | ဦးတင်ဝင်း | ဦးနေလင်း |
| ၅။ | သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီ | ဦးရဲမင်းအောင် | ဦးမျိုးသူရအေး |
| ၆။ | အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကော်မတီ | ဦးအာယု | ဒေါက်တာကျော်ကျော်အောင် |
| ၇။ | တောင်သူလယ်သမားရေးရာကော်မတီ | ဦးစိန်ဝင်းလှိုင် | ဦးဝေယံတင့်ဆန်း |
| ၈။ | အငြင်းပွားမှုဖြန်ဖြေရေးကော်မတီ | ဦးအောင်သန်းဦး | ဦးရာဇာမျိုး |
| ၉။ | ရန်ပုံငွေရှာဖွေရေးကော်မတီ | ဦးကျော်ဝင်း | ဦးအောင်မြင့် |
| ၁၀။ | ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ | ဦးစိန်ဝင်းလှိုင် | ဒေါ်ခင်ဖြူဖြူကျော် |
| ၁၁။ | အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ကြိတ်ခွဲ သန့်စင်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းကော်မတီ | ဒေါက်တာမျိုးအောင်ကျော် | ဦးနေလင်းဇင် |
| ၁၂။ | စက်မှုလယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ | ဦးသောင်းဝင်း | ဦးအောင်ဖော်ဦး |
| ၁၃။ | ဆန်ပြည်ပတင်ပို့မှု၊ ဆန်ဈေးကွက်နှင့်ဈေးနှုန်း ဆိုင်ရာလေ့လာသုံးသပ်ရေးနှင့် ညှိနှိုင်းဆောင် ရွက်ရေးလုပ်ငန်းကော်မတီ | ဦးအောင်သန်းဦး | ဦးလှမော်မြင့်မောင် |
| ၁၄။ | MSME များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ | ဦးသောင်းဝင်း | ဦးနေလင်းဇင် |
| ၁၅။ | မြန်မာ့ဆန်စပါး စံချိန်စံညွှန်း အလေးချိန်၊ အချိန် အတွယ်နှင့် အရည်အသွေးစံနှုန်းများ သုံးသပ် အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ | ဦးအောင်သန်းဦး | ဦးအောင်မြင့် |
| ၁၆။ | မြန်မာ့စပါး အရည်အသွေး၊ စံချိန်စံညွှန်းများ အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီ | ဒေါက်တာမျိုးအောင်ကျော် | ဦးကျော်ကျော်မိုး |
| ၁၇။ | ဖွဲ့စည်းပုံများ ရေးဆွဲရေးလုပ်ငန်းကော်မတီ | ဦးစိန်ဝင်းလှိုင် | ဦးမြင့်လွင် |
| ၁၈။ | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဆန်ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးကော်မတီ | ဦးအောင်သန်းဦး | ဦးလှမော်မြင့်မောင် |

# အစီရင်ခံကာလတွင် အစည်းအဝေးကျင်းပမှုများ

ယခင်နှစ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးအား (၉.၂.၂၀၁၉ - ၁၀.၂.၂၀၁၉) ရက်များတွင် မန္တလေးမြို့တွင် ကျင်းပခဲ့ပြီး၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂၃)ကြိမ်၊ ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင် ကော်မတီဝင်များ အစည်းအဝေး (၈)ကြိမ်နှင့် လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများ (၂၀)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး လုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့ကြပါသည်။

# ပြည်ပတွင် ပြုလုပ်သော ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်ခြင်း

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော Indian Seed Congress ၂၀၁၉ သို့ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမင်းအောင်နှင့်အဖွဲ့ သွားရောက်ခဲ့ကြပါသည်။

၂။ ၂၀၁၉ခုနှစ်၊မေလ၁၈ရက်နေ့တွင်ဗီယက်နမ်နိုင်ငံသို့နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး ဦးဆောင်သည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌဦးအောင်သန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့ကြပါသည်။

၃။ ၂၀၁၉ ခုနှစ်၊ဩဂုတ်လ ၅ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် COFCO တို့ အကြား ချုပ်ဆိုဆောင်ရွက်နေသော ဆန်တန်ချိန်(၁)သိန်း ဝယ်ယူ/ရောင်းချမှုဆိုင်ရာသဘောတူညီချက်ကိစ္စနှင့် မြန်မာနိုင်ငံမှ ဆန်၊ သကြား၊ ပြောင်းတို့ကို ပိုမိုဝယ်ယူရေးကိစ္စများအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၄။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့နှင့် (၂)ရက်နေ့တွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် 2nd Global Sustainable Rice Conference and Exhibition သို့ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမင်းအောင်နှင့် အမှုဆောင်အရာရှိချုပ် ဦးမြင့်လွင်တို့ တက်ရောက်ခဲ့ကြပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၄)ရက်နေ့တွင် တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် China International Import Export (CIIE) သို့ ပါဝင်တက်ရောက်ရန်အတွက် အသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့ကြပါသည်။

၆။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်နေ့တွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် Asian Seed Congress သို့ ပါဝင်တက်ရောက်ရန်အတွက် အကြံပေးပုဂ္ဂိုလ်ဒေါက်တာမင်းအောင်နှင့်အဖွဲ့ သွားရောက်ခဲ့ကြပါသည်။

# ၂၀၁၉–၂၀၂၀ ခုနှစ်အတွင်း အသင်းချုပ်သို့ လာရောက်တွေ့ဆုံသော ပြည်ပဧည့်သည်အဖွဲ့များနှင့် ဆွေးနွေးမှုအကြိမ်အရေအတွက်

| စဉ် | နိုင်ငံအမည် | လက်ခံဆွေးနွေးမှုအကြိမ် |
|---|---|---|
| ၁။ | ဂျပန်နိုင်ငံ | ၂ |
| ၂။ | အမေရိကန်နိုင်ငံ | ၆ |
| ၃။ | တရုတ်နိုင်ငံ | ၁၀ |
| ၄။ | တောင်ကိုရီးယားနိုင်ငံ | ၃ |
| ၅။ | နီပေါနိုင်ငံ | ၁၁ |
| ၆။ | လာအိုနိုင်ငံ | ၁ |
| ၇။ | ဖိလစ်ပိုင်နိုင်ငံ | ၁ |
| ၈။ | ဗီယက်နမ် | ၁ |
| | စုစုပေါင်း | ၃၅ |

# နားလည်မှုစာချွန်လွှာများ၊ စာချုပ်များလက်မှတ်ရေးထိုးခြင်း

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU) နှင့် သဘောတူညီချက်စာချုပ်များကို အောက်ပါအတိုင်းလက်မှတ်ရေးထိုး ခဲ့ပါသည်-

| No. | Subject | Country | Dated |
|---|---|---|---|
| 1. | Vietnam Sorthern Food Corporation –JSC(VINAFOOD II) | Vietnam | 21st May, 2019 |
| 2. | COFCO Corporation | China | 20th June, 2019 |
| 3. | Welt Hunger Hilfe | Germany | 1st November, 2019 |
| 4. | WinSets Import & Export | China | 11th December, 2019 |
| 5. | Global KOMI | Korea | 11th February, 2020 |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ အသင်းဝင်ရောက်မှုအခြေအနေများ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ကုမ္ပဏီ/တစ်သီးပုဂ္ဂလနှင့် တောင်သူလယ်သမားအသင်းဝင်များ၏ စုစုပေါင်းအသင်းဝင်ရောက်မှုအခြေအနေများမှာ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလအထိ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အသင်းဝင် အကြောင်းအရာ | ယခင် အသင်းဝင် ဦးရေ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်ကုန်အထိ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာ နှစ်ကုန်အထိ | ၂၀၂၀ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ အသင်းဝင်ဦးရေ | စုစုပေါင်း အသင်းဝင် ဦးရေ |
|---|---|---|---|---|---|---|
| ၁။ | ကုမ္ပဏီအသင်းဝင် (ပြည်တွင်း) | ၃၁၈ | ၂၅ | ၁၀၀ | ၉၄ | ၅၃၇ |
| ၂။ | ကုမ္ပဏီအသင်းဝင်(နိုင်ငံခြား/ဖက်စပ်) | ၁ | ၄ | ၆ | ၃ | ၁၄ |
| ၃။ | တသီးပုဂ္ဂလအသင်းဝင် | ၅၂၈ | ၁၆၉ | ၂၇၁ | ၄၁ | ၁၀၀၉ |
| ၄။ | တောင်သူလယ်သမားအသင်းဝင် | ၈၆၄၂ | ၃၀၅၃ | ၂၂၆ | - | ၁၁၉၂၁ |
| | စုစုပေါင်း | ၉၄၈၉ | ၃၂၅၁ | ၆၀၃ | ၁၃၈ | ၁၃၄၈၁ |

မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့သည်လည်း အသင်းချုပ်၏အသင်းဝင်များဖြစ်ကြပါသည်။ အဆိုပါ အသင်းများ၏ အသင်းဝင်များသည် အသင်းချုပ်၏ ဖွဲ့စည်းပုံအရ "ခ" အဆင့် အသင်းဝင်များ ဖြစ်ကြပါသည်။



**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးစိန်ဝင်းလှိုင်**

**အသက်(၇၇)နှစ်**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူဦးစိန်ဝင်းလှိုင်သည် (၃-၁၂-၂၀၂၀)ရက်နေ့၊ ညနေ ၃:၀၀ အချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။


ဦးစိန်ဝင်းလှိုင်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင်လည်းကောင်း၊ ဆန်စပါးကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီနောင်အသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပအသင်းအဖွဲ့များ၊ ကော်မတီဝင်များ၊ အသင်းသူအသင်းသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဦးဆောင်ဦးရွက်ပြုလုပ်ပေးခဲ့ခြင်း၊ ကျရာတာဝန်များကို ကျေပွန်စွာဆောင်ရွက်ပေးခြင်းတို့အတွက် အသင်းချုပ်အနေဖြင့် နမြောတသစွာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ<br>
ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီ နှင့် ဝန်ထမ်းများ<br>
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## အောက်ဖော်ပြပါအသင်းချုပ်၏ အထွေထွေညီလာခံကိုယ်စားလှယ်များ ကွယ်လွန်အနိစ္စရောက်သွားသဖြင့် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်-

| | | |
|---|---|---|
| ၁။ ဦးချမ်းသာဦး | - | ဗဟိုအလုပ်အမှုဆောင်(မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) |
| ၂။ ဦးမောင်မောင်ကျော် | - | ဗဟိုအလုပ်အမှုဆောင်(မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) |
| ၃။ ဦးစိုးမြင့် | - | အလုပ်အမှုဆောင်(မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) |
| ၄။ ဦးမျိုးဝေ | - | ညီလာခံကိုယ်စားလှယ်(မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) |
| ၅။ ဦးသိန်းဝင်း | - | ညီလာခံကိုယ်စားလှယ်(မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်) |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပါဝင်ပြုစုတင်ပြခဲ့သည့် အဆိုပြုတင်ပြချက်များနှင့် အကြံပြုစာတမ်းများ



Brief Recommendations

For the Rice Trade Policies

Ye Min Aung
President

July, 2020



Rising with Rice:
Responsible Contract Farming Program, Smart Supply Chains
& Rice Buffer Stock Scheme as Key Enablers

In response to Coronavirus Crisis,
Prepared and presented by
Myanmar Rice Federation

11th May, 2020



အကျိုးတူကန်ထရိုက်လယ်ယာစနစ်နှင့်
အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာတမ်းများ၏
လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် သုံးသပ်ဆွေးနွေးပွဲ



Brief Proposal on Sustainable Development Initiatives and Strategies
for Myanmar Rice Industry : 2020 – 2025
(With Special Emphasis on Yangon Region)

December, 2019




တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့
သို့တင်ပြသော
၂၀၁၉ ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများ) အတွက်
ဆန်စပါးဈေးကွက် တည်ငြိမ်စေရေးနှင့် စပါးစိုက်တောင်သူများ အကျိုးစီးပွားဖြစ်စေရေးဆိုင်ရာ
သုံးသပ်အကြံပြုတင်ပြချက်များ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်




Proceedings
On
Sharing Findings from Contract Farming,
Incentive Mechanisms (PPP)
Studies and Policy Feedback Workshop




Myanmar Rice

Standard Specifications (Draft)



မြန်မာ့ဆန် စံချိန်စံညွှန်းနှင့်
အရည်အသွေးသတ်မှတ်ချက်များ (မူကြမ်း)



Myanmar Paddy

Quality and Grading System


အကြံပြုချက်များ ဆက်သွယ်ပြန်ကြားနိုင်ပါရန်

အမှတ်(၂၉)၊ အခန်း(၉၀၁-၉၀၃) (UMFCCI)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း - ၀၁ ၂၁၈၂၆၆-၂၈၊ ၀၁ ၂၃၀၁၁၂၈-၂၉

ဖက်စ် - ၀၁ ၂၁၈၂၆၆

Email - admin@mrf.com.mm



မြန်မာ့စပါး အရည်အသွေး အဆင့်အတန်း
ခွဲခြားသတ်မှတ်ခြင်းစနစ်

အကြံပြုချက်များ ဆက်သွယ်ပြန်ကြားနိုင်ပါရန်

အမှတ်(၂၉)၊ အခန်း(၉၀၁-၉၀၃) (UMFCCI)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း - ၀၁ ၂၁၈၂၆၆-၂၈၊ ၀၁ ၂၃၀၁၁၂၈-၂၉

ဖက်စ် - ၀၁ ၂၁၈၂၆၆

Email - admin@mrf.com.mm



Socio-economic and Agricultural Data Collection – SEAD

(2019-2020)

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
လူမှုစီးပွားရေးနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အချက်အလက် ကောက်ယူခြင်း အစီအစဉ်
(၂၀၁၉-၂၀၂၀)

ဓနုဖြူမြို့နယ်ကို ကိုယ်စားပြုသော တောင်သူ (၂၆၉)ဦးထံမှရရှိသည့်
အချက်အလက်များအား သုံးသပ်တင်ပြခြင်း - အကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ




ကျေးရွာဒေသအခြေပြုသီးနှံအခြောက်ခံစက်နှင့်
သီးနှံသိုလှောင်ရုံတည်ဆောက်ရေးစီမံကိန်း

# အကျိုးပြုစာအုပ်များထုတ်ဝေဖြန့်ချိခြင်းကဏ္ဍ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပုဂ္ဂလိကအခန်းကဏ္ဍမှနေ၍ မြန်မာ့ဆန်စပါးလောက ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အကျိုးပြု စာပေဗဟုသုတများကို ရံဖန်ရံခါ စီစဉ်ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ အသင်းချုပ်သည် FAO ၏ ခွင့်ပြု ချက်ဖြင့် "စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းလက်စွဲ"၊ "စပါးမျိုးစေ့ထောက်ခံဖြန့်ဖြူးခြင်းလက်စွဲ" နှင့် တောင်သူလယ်သမား ကြီးများလေ့လာရန်အတွက် စပါးအထွက်တိုးရေးနည်းပညာစာအုပ်များကို အသင်းချုပ်အနေဖြင့် ထုတ်ဝေထားရှိပြီး ဖြစ်ပါသည်။


























# အကျိုးပြုစာစောင်များထုတ်ဝေဖြန့်ချိခြင်း







































# ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲ – ၂၀၁၉

## အသင်းချုပ်နာယက ဦးချစ်ခိုင်၏ ဦးဆောင်စီစဉ်မှုဖြင့် ကဋ္ဌနကျွန်းသာ ဆန်စပါးအထူးပြုကုမ္ပဏီ (ဓနုဖြူ) တွင် ကျင်းပသော တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မိန့်ကြားမှုများ

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဓနုဖြူမြို့၊ ကဋ္ဌနကျွန်းသာ ဆန်စပါးအထူးပြုကုမ္ပဏီ၏ လယ်ယာဝန်ဆောင်မှုစင်တာတွင် (၂၈.၆.၂၀၂၀) ရက်နေ့၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အနီးတဝိုက်မြို့နယ်များမှ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လျက် လမ်းညွှန်အမှာစကားများမိန့်ကြားခဲ့ပါသည်။

အဆိုပါ လမ်းညွှန်အမှာစကားများအား ကောက်နုတ်ဖော်ပြအပ်ပါသည်-

(၁) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများ၊ ကုန်သည်များ၊ စက်ပိုင်လုပ်ငန်းရှင်များအကြား ခိုင်မာပြီးရေရှည်တည်တံ့သည့် ဆက်ဆံမှု၊ နားလည်မှု၊ စာနာမှုများရှိရန်နှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြဖို့၊ ရိုင်းပင်းကူညီကြဖို့ အထူးအရေးကြီးပါကြောင်း၊ အစိုးရဌာနဆိုင်ရာများက တိုက်ရိုက်ထိ တွေ့ဆက်ဆံပြီး ရင်းနှီးနွေးထွေးချိတ်ဆက်ကူညီပေးရန်လိုအပ်ပါကြောင်း

(၂) တောင်သူလယ်သမားများအတွက် အဓိကကျတဲ့ မြေအသုံးချမှုနဲ့ ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို လွယ်ကူရှင်းလင်းအောင် လက်တွေ့လုပ်ဆောင်ရာမှာ အခက်အခဲမရှိအောင် ပြင်ဆင်ရေးဆွဲရန်၊ လယ်ယာမြေပြဿနာများကို ဖြောင့်ဖြောင့်မှန်မှန်နဲ့ အမြန်ဆုံး ဖြေရှင်းပေးနိုင်ရေးအတွက် သက်ဆိုင်သူများ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း






(၃) လယ်ယာမြေတွေမှာ သီးနှံတစ်မျိုးကနေ အခြားတွက်ခြေကိုက်တဲ့ သီးနှံတစ်မျိုးပြောင်းလဲပြီး စိုက်ပျိုးနိုင်ရန်နှင့် ဈေးကွက် အနေအထားအရ ဈေးကွက်ဝင် သီးနှံတွေ စိုက်ပျိုးနိုင်အောင် အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာ ကူညီပေးသွားမည် ဖြစ်ပါကြောင်း

(၄) တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး ဥပဒေတွေမမျှတဘူး၊ ခေတ်နဲ့ မညီဘူးထင်ရင် ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်တွေက ပြောင်းသင့်ပြောင်း ထိုက်တာပြောင်းရန် လိုအပ်ကြောင်း

(၅) ဆန်စပါးကို အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ကြေညာပေးနိုင်ခဲ့ပြီး အခြားတောင်သူလယ်သမားများ အများစုစိုက်ပျိုးနေ သည့် မြေပဲ၊ နှမ်း၊ ပြောင်း၊ ကြံ စသည့် အဓိကသီးနှံများကိုလည်း လေ့လာပြီး၊ အခြေခံဈေးနှုန်းများ သတ်မှတ်နိုင်ရေး လုပ်ဆောင်ရန်နှင့် အခြေခံဈေးနှုန်းအောက် မရောက်ရန် နိုင်ငံတော်အစိုးရပိုင်းမှ မူဝါဒအရဖြစ်စေ၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်တင်ပို့ ရောင်းချနိုင်ရေးအပိုင်းမှာဖြစ်စေ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း

(၆) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပီပီပြင်ပြင်ပေါ်ထွက်လာဖို့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေကြောင်း၊ စပါးကို ကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိ တိုးမြှင့်ခဲ့ပြီး၊ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကြေး အခြေအနေအရ တိုးမြှင့်ထုတ်ပေးနိုင်ဖို့ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေကြောင်း

(၇) ပုဂ္ဂလိကဘဏ်များအနေဖြင့်လည်း လယ်ယာကဏ္ဍအတွက် တောင်သူလယ်သမားကြီးတွေအတွက် လိုအပ်တဲ့ နှစ်တို/ နှစ်ရှည် ချေးငွေတွေကို လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဦးစားပေး ထုတ်ချေးပေးစေလိုကြောင်း၊ နိုင်ငံပိုင်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်လိုမျိုး လုပ်နိုင်သည်အထိ ယှဉ်ပြိုင်လုပ်ဆောင်စေလိုပါကြောင်း

(၈) ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုလည်း တိုးမြှင့်ဖိတ်ခေါ်ထားရှိပါကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ပြိုင်ဖက်လို့ မမြင်ဘဲ မိတ်ဖက်လို့သဘောထားဆောင်ရွက်ရင်း နိုင်ငံတကာအတွေ့အကြုံ၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းတွေ လေ့လာ သင်ယူနိုင်မည်ဖြစ်ပါကြောင်း

(၉) လူတွေရဲ့ စားသောက်နေထိုင်မှုပုံစံတွေ ပြောင်းလဲတိုးတက်လာတာနဲ့အမျှ ဘေးကင်းလုံခြုံတဲ့ စားနပ်ရိက္ခာတွေ ပိုမို တောင်းဆိုလာကြတာကြောင့် ကမ္ဘာနဲ့ယှဉ်ပြီး သတ်မှတ်တဲ့ စံနှုန်းမကိုက်ညီရင် ဈေးကွက်ထဲဝင်ဖို့ ခက်ခဲနိုင်ကြောင်း၊ ဒါကြောင့် စားသုံးသူတွေရဲ့ မျှော်မှန်းချက် စားသုံးသူတွေရဲ့ ကျန်းမာရေးကို ထုတ်လုပ်သူများက အလေးထားဆောင်ရွက် ပေးစေလိုကြောင်း

(၁၀) လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းပန်းဆက်သွယ်ရေးအပါအဝင် သီးနှံသိုလှောင်ရုံတွေ၊ အခြောက်ခံစက် တွေ၊ မျိုးကောင်းမျိုးသန့်ရရှိရေးတွေ၊ ဈေးကွက်ရရှိရေးတွေ အပါအဝင် တောင်သူလယ်သမားတွေ တိုးတက်လာရေးကို အစိုးရက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်နေသလို တောင်သူလယ်သမားကြီးများအနေဖြင့် နိုင်ငံတော်အစိုးရနဲ့ အတူ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း









နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ၊
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့်
တောင်သူလယ်သမား
ဒေါ်ကျင်ဆိုင် တို့၏
**Covid-19** ကာလအတွင်း
လယ်ယာကဏ္ဍဆိုင်ရာ
**Online** မှ ဆွေးနွေးမှု

Coronavirus Disease 2019 (Covid-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၁၈.၆.၂၀၂၀) ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Covid-19 နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ထူးချွန်ဆုရ တောင်သူလယ်သမား ဒေါ်ကျင်ဆိုင်တို့ အား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။

အဆိုပါ Online ဆွေးနွေးပွဲတွင် အသင်းချုပ် ဥက္ကဋ္ဌအနေဖြင့် အောက်ပါအကြောင်းအရာများကို တင်ပြဆွေးနွေးခဲ့ကြောင်း အကျဉ်းချုပ်အားဖြင့် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်-

(၁) Covid-19 စတင်ဖြစ်ပေါ်ချိန် Panic shopping and buying ဖြစ်ပေါ်မှုကို နိုင်ငံတော်အစိုးရ နှင့် ဆန်စပါးကဏ္ဍလုပ်ငန်းရှင်များ ပူးပေါင်းတိုင်ပင်ဆောင်ရွက်ခဲ့မှု၊ အခြေခံပြည်သူများထံ ဆန် ဖြန့်ဖြူးရေး အစီအစဉ်တွင် ပါဝင်လုပ်ဆောင်မှု၊ အရန်ဆန် အစီအစဉ်ထားရှိပြီး ပြည်ပတင်ပို့မှုကို စဉ်ဆက်မပြတ် လုပ်ဆောင်နေမှုနှင့် ဆန်လိုနိုင်ငံများအတွက် အခက် အခဲ ကြုံတွေ့နေစဉ် မြန်မာနိုင်ငံမှ မိတ်ဆွေကောင်းပီသစွာ တတ်နိုင်သရွေ့ ကူညီပေး နေမှုကိစ္စ။

(၂) လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများအတွက် ဈေးကွက်ဝင် သီးနှံများကို ၎င်းတို့ စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးနိုင်ရေးဌာနများမှ ကူညီပေးရန်နှင့် ပြင်ဆင်ထားသော ၂၀၁၂ လယ်ယာမြေဥပဒေနှင့်အညီ လွယ်ကူလျင်မြန်စွာဖြင့် လယ်ယာမြေပေါ်တွင် စိုက်ပျိုး ရေး၊ မွေးမြူရေး လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန်ကိစ္စ။

(၃) အခြောက်ခံစက်များ၊ သိုလှောင်ရုံများ စသော agricultural infrastructure များ တိုးချဲ့ ရင်းနှီး မြှုပ်နှံဆောင်ရွက်နိုင်ရေး ကူညီထောက်ပံ့ပေးရန် ကိစ္စနှင့် သိုလှောင်ရုံ ကုန်အပ် လက်မှတ်ဖြင့် ချေးငွေထုတ်ပေးသည့် Warehouse Receipt Financing လုပ်ဆောင်ရန် ကိစ္စ။

(၄) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့် အညီ တောင်သူလယ်သမားများဖြင့် တောင်သူလယ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန်ကိစ္စ၊ ကျေးလက် ဖွံ့ဖြိုးရေးဥပဒေအရ လုပ်ဆောင်ရမည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရေးကိစ္စ။

(၅) ဆည်ရေသောက်စနစ်များနှင့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ အစီအမံများကို အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စ။

(၆) နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များအနေဖြင့် လယ်ယာကဏ္ဍ ဆိုင်ရာ ချေးငွေများ (agri financing, supply chain financing and agri-trade finance) ကို တိုးမြှင့်ပေးရန် လိုအပ်နေမှုကိစ္စ။

(၇) လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့် ထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာကဏ္ဍဆိုင်ရာ အငယ်စား၊ အသေးစား နှင့် အလတ်စား MSME များအား ထောက်ပံ့ကူညီပေးရေးကိစ္စများ။







# နှစ်ပတ်လည်အထွေထွေညီလာခံ နှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲများကျင်းပပြုလုပ် – ၂၀၁၉

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏နှစ်ပတ်လည်အထွေထွေညီလာခံနှင့်မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့နှင့် (၁၀) ရက်နေ့များတွင် မန္တလေးမြို့ရှိ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ သက်ဆိုင်ရာရေးရာ ကော်မတီဥက္ကဋ္ဌများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးရှိ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ INGO များ၊ နိုင်ငံခြားကုမ္ပဏီများ၊ အနယ်နယ်အရပ်ရပ်မှ တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်များ၊ ကုန်သည်များ၊ Exporter များပါဝင်သည့် ဆန်စပါးကဏ္ဍအသီးသီးမှ ဖိတ်ကြားထားသူ စုစုပေါင်းဦးရေ (၁၀၀၀) ကျော်၏ ပါဝင်မှုဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။








MRF


Golden
MRF












BÜHLER































၉.၂.၂၀၁၉ ရက်နေ့၊ ဆွေးနွေးပွဲတွင် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာ့ဆန်စပါး စံချိန်စံညွှန်း အရည်အသွေးများ အဆင့်အတန်းသတ်မှတ်ချက်များ ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်းဆွေးနွေးခဲ့ကြပါသည်။

၁၀.၂.၂၀၁၉ ရက်နေ့တွင် အသင်းချုပ်၏ နှစ်ပတ်လည်အထွေထွေညီလာခံကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ ယခင်က ဖွဲ့စည်းပုံသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းဟု ခေါ်ဝေါ်သုံးစွဲမှုအစား ဥပဒေသစ်နှင့်အညီ ဖြစ်စေရေး အတွက် "ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း" ဟူ၍ပြင်ဆင်ပြီး Myco တွင်မှတ်ပုံတင်ထားရှိရေး ကိစ္စရပ်များကိုလည်းကောင်း၊ အသင်းချုပ်၏ဖွဲ့စည်းပုံအား အောက်ခြေအဆင့်အထိ ကျစ်လစ်ခိုင်မာစွာ ပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် သင့်လျော်သည့် မြို့နယ်များ များအား စုပေါင်း၍ ခရိုင်အဆင့်တွင် ဒေသကော်မတီများအားလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ တွင် တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီများအား ဖွဲ့စည်းရေး ကိစ္စရပ်များကိုလည်းကောင်း၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၏ အနားယူနုတ် ထွက်မှုနှင့် အသင်းချုပ်၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်မှုအားအတည်ပြု ကြောင်းကိုလည်းကောင်း၊ အသင်းချုပ်၏ ယခု သက်တမ်းတွင် ကျန်ရှိသည့်ကာလ(၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ) အတွက် အသင်းချုပ်ဥက္ကဋ္ဌတာဝန်အား ဦးရဲမင်းအောင်မှ လည်းကောင်း၊ အထွေထွေအတွင်းရေးမှူးတာဝန်အား ဦးလှမော်မြင့်မောင်မှလည်းကောင်း တာဝန်ယူဆောင်ရွက်သွားရေး ကိစ္စ ရပ်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးနှင့်အတူ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြခန်းများကိုလည်း ဖွင့်လှစ်ပြသခဲ့ရာ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ကြိတ်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများ ဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ ပြခန်းပေါင်း (၁၀၀) ကျော်ပါဝင်ပြသကြပြီး၊ ဒုတိယသမ္မတနှင့်တာဝန်ရှိသူများ ကလှည့်လည်အားပေးကြည့်ရှုခဲ့ပါသည်။ ဒေသခံတောင်သူလယ်သမား များကိုလည်း ဖိတ်ခေါ်ပြသပေးခဲ့ကြပါသည်။








GBS




ANT AUNG NAING THITSAR GROUP OF COMPAN

NINE SEAS GROUP COMPANIES




MAB
MAB




# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်/ဆန်ကွဲများတင်ပို့နိုင်ရေးအတွက် ကုမ္ပဏီများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဦးဆောင်လျက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ခွင့်ရရှိသည့် ကုမ္ပဏီများ၏ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် UMFCCI(မင်္ဂလာခန်းမ)တွင်ပြုလုပ်ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ရရှိသည့် ကုမ္ပဏီ ၄၃ ခုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။







# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီ နှင့် အထွေထွေညီလာခံကိုယ်စားလှယ်များ၏ ပူးတွဲအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီနှင့် အထွေထွေညီလာခံကိုယ်စားလှယ်များ၏ ပူးတွဲအစည်းအဝေးအား(၁၃.၁၂.၂၀၁၉)ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ်မင်္ဂလာခန်းမ၌ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ပူးတွဲအစည်းအဝေးသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နာယကဦးချစ်ခိုင်၊ ဥက္ကဋ္ဌဦးရဲမင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအောင်သန်းဦး၊ ဦးကျော်ဝင်း၊ ဦးစိန်ဝင်းလှိုင်၊ ဦးအာယု၊ ဦးသောင်းဝင်းနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အထွေထွေညီလာခံကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် တင်ဒါစနစ်အရ စပါးဝယ်ယူရေးဆောင်ရွက်မည့်အစီအစဉ်များအားလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့ရန် Quota ရရှိသည့် တန်ချိန်(၁)သိန်း တင်ပို့နိုင်မှု၊ ထပ်မံ Quota ရရှိရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဆန်တင်ပို့ရန်အတွက် ကုမ္ပဏီများ တိုးချဲ့တင်ပို့နိုင်ရေးဆောင်ရွက်ထားရှိမှု၊ ဆန်တင်ပို့မှုအပြင် ဆန်ကွဲတင်ပို့ခွင့်ရရှိရေး၊ တရုတ်နိုင်ငံသို့ စပါးတင်ပို့ခွင့်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျေးလက်အခြေပြုဆောင်ရွက်မည့် အခြောက်ခံစက်နှင့် သိုလှောင်ရုံများပေါ်ထွန်းရေးအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ Export ဈေးကွက်ဝင် Quality Riceများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအားလည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။



















# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒေသကော်မတီများရွေးချယ်ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဖွဲ့စည်းမှုတွင် ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်စသည့် အခြေခံအဆင့်များ ပိုမိုပါဝင်လာနိုင်စေရေး၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များအကြား ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာလာစေရေးအား ရည်ရွယ်လျက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ခရိုင်ဒေသအခြေပြုဒေသကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။



(၅.၁၁.၂၀၁၉) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အခြေစိုက် ဒေသကော်မတီ အမှတ်(၁)



(၁၈.၁၁.၂၀၁၉) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အခြေစိုက် ဒေသကော်မတီအမှတ်(၂)




(၁.၁၁.၂၀၁၉) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်အခြေစိုက် ဒေသကော်မတီအမှတ်(၃)




(၂၄.၁၀.၂၀၁၉) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် အခြေစိုက် ဒေသကော်မတီ အမှတ်(၄)





(၂၅.၁၀.၂၀၁၉) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်အခြေစိုက် ဒေသကော်မတီ အမှတ်(၅)





(၁၀.၁.၂၀၂၀) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အခြေစိုက်ဒေသကော်မတီအမှတ်(၁)





(၂၃.၁၂.၂၀၁၉) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အခြေစိုက် ဒေသကော်မတီအမှတ်(၂)





(၁၉.၁၂.၂၀၁၉) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် အခြေစိုက် ဒေသကော်မတီအမှတ်(၃)






(၂၀.၁၂.၂၀၁၉) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အခြေစိုက် ဒေသကော်မတီအမှတ်(၄)





(၅.၂.၂၀၂၀) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် အခြေစိုက်၊ သန်လျင်မြို့နယ်တွင် ဒေသကော်မတီ(၁)





(၁၇.၂.၂၀၂၀) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်အခြေစိုက်၊ ဒလမြို့နယ်တွင် ဒေသကော်မတီ အမှတ် (၂)





(၁၄.၂.၂၀၂၀) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်အခြေစိုက်၊ မှော်ဘီမြို့နယ်တွင် ဒေသကော်မတီအမှတ်(၃)





(၆.၃.၂၀၂၀) ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွက် ဒေသကော်မတီဖွဲ့စည်းခြင်း

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဧရာဝတီတိုင်းဒေသကြီးရှိ ဒေသကော်မတီများနှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဧရာဝတီတိုင်းဒေသကြီးအတွင်း စတင်ဖွဲ့စည်းထားရှိသည့် ဒေသကော်မတီ (၅) ခုမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီဝင်များ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ အား အသင်းချုပ်ရုံးအစည်းအဝေးခန်းမတွင်(၂၈.၁၁.၂၀၁၉)ရက်နေ့၌ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအာယု၊ ဦးသောင်းဝင်းနှင့် ဒေသကော်မတီ (၅) ခုမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများပါဝင်တက်ရောက်လျက် ရှေ့လုပ်ငန်းစဉ်များအဖြစ် အသင်းဝင်အင်အားတိုးတက်ရေး၊ အသင်းဝင်များအတွက် စပါးအခြောက်ခံစက်နှင့် သိုလှောင်ရုံများ တည်ထောင်ရင်းနှီးမြှုပ်နှံရေး၊ စက်ကိရိယာများဖြင့် လယ်ယာမြေ ပြုပြင်ခြင်း လုပ်ငန်းများတွင် ချေးငွေများရရှိနိုင်ရေး၊ ဓါတ်မြေသြဇာပုံပိုးပစ္စည်းများအား ဖြန့်ဖြူးပေးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရန်ပုံငွေများကို စနစ်တကျ ခွဲဝေသုံးစွဲရေး၊ ဒေသကော်မတီရုံးခွဲများ ဖွင့်လှစ်ရေး စသည်တို့ကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။





၂၈.၁၁.၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဧရာဝတီတိုင်းဒေသကြီးရှိဒေသကော်မတီများနှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ပဲခူးတိုင်းဒေသကြီး၊ ဒေသကော်မတီများ တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပဲခူးတိုင်းဒေသကြီးအတွင်း စတင်ဖွဲ့စည်းထားရှိသည့် ဒေသကော်မတီ (၄) ခုမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီဝင်များ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ အား အသင်းချုပ်ရုံးအစည်းအဝေးခန်းမတွင် (၂၁.၁.၂၀၂၀)ရက်နေ့၌ ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး နှင့်ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးများ၊ ဒေသကော်မတီ (၄) ခုမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ ပါဝင်တက်ရောက်လျက် ရှေ့လုပ်ငန်းစဉ်များအဖြစ် အသင်းဝင်အင်အားတိုးတက်ရေး၊ အသင်းဝင်များအတွက် စပါးအခြောက်ခံစက်နှင့် သိုလှောင်ရုံများ တည်ထောင်ရင်းနှီးမြှုပ်နှံရေး၊ စက်ကိရိယာများဖြင့် လယ်ယာမြေပြုပြင်ခြင်း လုပ်ငန်းများတွင် ချေးငွေများရရှိနိုင်ရေး၊ ဓါတ်မြေသြဇာပုံပိုးပစ္စည်းများအား ဖြန့်ဖြူးပေးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရန်ပုံငွေများကို စနစ်တကျ ခွဲဝေသုံးစွဲရေး၊ ဒေသကော်မတီရုံးခွဲများ ဖွင့်လှစ်ရေးစသည်တို့ကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။





၂၁.၁.၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပဲခူးတိုင်းဒေသကြီးရှိဒေသကော်မတီများနှင့် တွေ့ဆုံဆွေးနွေး

# အသင်းချုပ်၏ Covid -19 ကာလအတွင်းသတင်းထုတ်ပြန်ဆောင်ရွက်ချက်များ

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
## သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၁/၂၀၂၀)
## ၂၀၂၀ ခုနှစ်၊ မတ်လ (၁၃)ရက်
## ဆန်စပါးဈေးကွက် အခြေအနေ ထုတ်ပြန်ချက်

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် ကမ္ဘာ့နိုင်ငံ အများစုတွင် ဖြစ်ပေါ်နေသည့် Corona Virus (Covid-19) အား ကမ္ဘာ့ကပ်ရောဂါ(pandemic) အဖြစ် သတ်မှတ်ကြေညာခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ ကာကွယ်မှုများ နှင့် စားနပ်ရိက္ခာ အသုံးအဆောင်များ ဝယ်ယူစုဆောင်းမှုများကို ပြုလုပ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

၂။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် လတ်တလောအခြေအနေတွင် ပြည်တွင်းဆန်စပါးဈေးကွက် တည်ငြိမ်စေရေးအတွက် နိုင်ငံတော်အစိုးရဌာနများနှင့် လည်းကောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များဖြစ်သည့် ဆန်စပါးကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ဖြန့်ဖြူးရောင်းချသူများ၊ ကုန်စည်ဒိုင်များ၊ ပြည်ပတင်ပို့သည့် Exporters များနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းလျက်ရှိပြီး ပြည်တွင်းဈေးကွက်အခြေအနေ တည်ငြိမ်စေရန်နှင့် ဖူလုံမှုရှိစေရန် ဦးစားပေး၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ကမ္ဘာ့ကပ်ရောဂါ အဖြစ် သတ်မှတ်ထားချိန်တွင် Covid-19 ၏ နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေမှုနှင့် ပြည်တွင်း/ပြည်ပဈေးကွက်များအပေါ် သက်ရောက်မှုကို အသင်းချုပ်အနေဖြင့် နေ့စဉ်လေ့လာသုံးသပ်ကာ တိုင်းဒေသကြီး/ပြည်နယ် ဒေသအသီးသီးရှိ ပုဂ္ဂလိကလုပ်ငန်းရှင် ကုန်သည်/ စက်ပိုင်များ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း၍ ပြည်တွင်းဈေးကွက် တည်ငြိမ်စေရေးနှင့် ပြည်တွင်းစားဆန် ဖူလုံစေရေးအလို့ငှာ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်ပတင်ပို့ရောင်းချမှုကိုလည်း Exporter များနှင့် ညှိနှိုင်းပြီး စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအား တင်ပြအကြံပြုသွားမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရနှင့် အချို့သောအဖွဲ့အစည်းများတွင်လည်း အရန်ဆန် စီစဉ်ထားမှုရှိပါသည်။ လတ်တလောအခြေအနေတွင် ပြည်တွင်းဖြန့်ဖြူးရောင်းချနေသည့် ကုန်သည်စက်ပိုင်များ၊ ကုမ္ပဏီများအနေဖြင့်လည်း ပစ္စည်းမှန်၊ ဈေးနှုန်းမှန်စွာဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိသဖြင့် စိုးရိမ်ပူပန်ရမည့်အခြေအနေ မဟုတ်ပါကြောင်းနှင့် ထူးခြားသော လိုအပ်မှု(သို့မဟုတ်) အခက်အခဲများရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
## အသိပေးကြေညာချက်
## စားသုံးသူပြည်သူများထံသို့ သက်သာသောဈေးဖြင့် ဆန်ရောင်းချမည့် လုပ်ငန်းအစီအစဉ်

ရက်စွဲ။ ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၃၁)ရက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စားသုံးသူပြည်သူများအား လက်လီဆိုင်များမှတဆင့်ဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၏ ညှိနှိုင်းစီစဉ်ပေးမှုဖြင့်ဖြစ်စေ ဧည့်မထ/ လုံးရှည် ၂၅ မှတ် (Well Millled Polished) ဆန်ကို ၁၀၈ ပေါင် အိတ်တစ်အိတ်လျှင် ၂၂၈၀၀ ကျပ် နှုန်းဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တွင် ပစ္စည်းထုတ်ယူနိုင်ရေးကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၇)ရက်နေ့မှ စတင်၍ ကြေညာချက်ထုတ်ပြန်ပြီး စီစဉ်ရောင်းချပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ(၃၁)ရက်နေ့အထိ ဆန်အိတ် (၃၀၂၆၆) အိတ်ကို သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ စီစဉ်ရောင်းချပေးနိုင်ခဲ့ပါသည်။

၂။ အဆိုပါ လက်လီဆိုင်များမှ ဝယ်ယူခွင့်ရသည့် အရန်ဆန်များကို စားသုံးသူပြည်သူလူထုထံသို့ ဆန်တစ်ပြည်လျှင် (၁၀၀၀) ကျပ်၊ (၁၀၅၀)ကျပ်၊ (၁၁၀၀)ကျပ်တို့ထက် မပိုစေဘဲ ပြန်လည်ရောင်းချပေးနိုင်ရေးကို ဆက်လက်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆန်ဝယ်ယူလိုသော လက်လီအရောင်းဆိုင်များသည် သတ်မှတ်ထားသည့် လက်လီအရောင်းဆိုင် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက် ဆန်ဝယ်ယူ/ ရောင်းချခြင်းကိုလည်းကောင်း၊ အလုပ်သမားများအတွက် ဝယ်ယူလိုသော စက်ရုံ၊ ကုမ္ပဏီ၊ အဖွဲ့အစည်း အသင်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတို့ထံ တင်ပြလျက် ၎င်းတို့၏ သဘောထားမှတ်ချက်နှင့်အတူ ပူးတွဲလျက်လည်းကောင်း အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်တင်ပြဝယ်ယူနိုင်ပါကြောင်း ထပ်မံ၍ အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်-

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
## ရုံးအမိန့်စာအမှတ် (၂/၂၀၂၀)
## ရက်စွဲ ၂၀၂၀ ခုနှစ်၊ မတ်လ (၂၄)ရက်
## “အထူးလုပ်ငန်းအဖွဲ့ (MRF COVID–19 Emergency Response Task Force) ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း”

၁။ Corona Virus COVID–19ကူးစက်ကပ်ရောဂါ ဖြစ်ပေါ်နေစဉ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ရုံးလုပ်ငန်းဝန်ဆောင်မှုများကို Contingency & Service Continuity အစီအစဉ်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် အောက်ပါအထူးလုပ်ငန်းအဖွဲ့ (MRF COVID–19 Emergency Response Task Force) ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်–

| | | | |
|---|---|---|---|
| (၁) | ဦးရဲမင်းအောင် | ဥက္ကဋ္ဌ | md@mapco-ygn.com |
| (၂) | ဦးအောင်သန်းဦး | ဒုတိယဥက္ကဋ္ဌ | nineseas.9seas@gmail.com |
| (၃) | ဦးကျော်ဝင်း | ဒုတိယဥက္ကဋ္ဌ | kyawwin.1319@gmail.com |
| (၄) | ဦးလှမော်မြင့်မောင် | အတွင်းရေးမှူး | lumawmm@swymyanmar.com |
| (၅) | ဦးနေလင်းဇင် | အဖွဲ့ဝင် | naylinzin@gmail.com |
| (၆) | ဦးအောင်ဇော်ဦး | အဖွဲ့ဝင် | aungzawjohn@gmail.com |
| (၇) | ဦးရာဇာမျိုး | အဖွဲ့ဝင် | yarzarmyo@shwemanawmyay.com |
| (၈) | ဦးအောင်မြင့် | အဖွဲ့ဝင် | aungfrp@gmail.com |
| (၉) | ဦးမျိုးသူရအေး | အဖွဲ့ဝင် | myothya.aye@gmail.com |

၂။ ဖော်ပြပါအထူးလုပ်ငန်းအဖွဲ့သည် အသင်းချုပ်၏ လုပ်ငန်းများကို အသင်းချုပ်တွင် ဖွဲ့စည်းထားသော ကော်မတီများအားလုံး၏ကိုယ်စား တာဝန်ယူ လုပ်ဆောင်သွားရန်နှင့် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများနှင့် လည်းကောင်း၊ အခြားသော NGO၊ INGO များနှင့် လည်းကောင်း ပူးပေါင်း၍ COVID–19 ဖြစ်ပေါ်နေချိန်တွင် လိုအပ်သည့် ကိစ္စများအားလုံးအတွက် တာဝန်ယူစီမံ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
## သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၃/၂၀၂၀)
## ၂၀၂၀ခုနှစ်၊ မတ်လ (၂၆)ရက်
## သက်သာသောဈေးနှုန်းဖြင့် ဆန်များလိုက်လံဖြန့်ဖြူးရောင်းချသည့် အစီအစဉ်ဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးဖြင့် လိုက်လံဖြန့်ဖြူးရောင်းချပေးသည့် အစီအစဉ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ (၂၆-၃-၂၀၂၀) ညနေပိုင်းတွင် လှိုင်သာယာစက်မှုဇုန်နှင့် လှိုင်သာယာမြို့နယ်တွင် စတင်ရောင်းချမည် ဖြစ်ပြီး အခြားမြို့နယ်များ၊ စက်မှုဇုန်များသို့လည်း ဆက်လက်၍ လိုက်လံဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

# အသင်းချုပ်နာယကကြီး၏ ဦးဆောင်'မ' တည်ထည့်ဝင်မှုဖြင့် အသင်းဝင်များ၊ မိတ်ဆွေသင်္ဂဟများ၏ Covid -19 အတွက် လှူဒါန်းမှု


မြန်မာနိုင်ငံတွင် စတင်ရင်ဆိုင်နေရပြီဖြစ်သော COVID-19 ကပ်ရောဂါအတွက် ကျွန်တော်တို့ပူပေါင်းရင်ဆိုင်နိုင်ရန် ကြိုးစားကြရအောင်။

ကျွန်တော်တို့ဆန်စပါးနယ်ပယ်မှ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆွေသင်္ဂဟများမှ Convid 19 ကပ်ရောဂါဘေးတွင် မြန်မာနိုင်ငံသားများ၏ အကျိုးအတွက် ပါဝင်မျှဝေဒါနပြုကြပါရန် နှိုးဆော်အပ်ပါသည်။

အားလုံးပါဝင်သော စုစည်းမျှဝေဒါနပြုအစီအစဉ်တွင် ကျွန်တော့်အနေဖြင့် ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် "ငွေကျပ် သိန်းတစ်ထောင်"နှင့် အရေးပေါ်အတွက် "ဆန်အိတ် နှစ်ထောင်" မ တည်လှူဒါန်းပါမည်။

သို့ပါ၍ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်သင်္ဂဟများအားလည်း တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ပါရန် တိုက်တွန်းအပ်ပါသည်။

ခင်မင်လေးစားစွာဖြင့်

ချစ်နိုင်
၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ၂၄ ရက်၊ အင်္ဂါနေ့

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

**MRF COVID-19 Emergency Response Task Force**

**လိုအပ်မည့်နေရာများသို့ ဖြန့်ဝေပေးပို့နိုင်ရန် (၂၄-၃-၂၀၂၀) ရက်နေ့မှ (၆-၄-၂၀၂၀) ရက်နေ့အထိ လှူဒါန်းမှုစာရင်း**

**အသင်းချုပ်နာယက ဦးချစ်နိုင်+ဒေါ်ခင်စိုးဝေ မိသားစုမှ ငွေကျပ်သိန်း ၁၀၀၀ မ တည် ထည့်ဝင်ပြီး အောက်ပါ ပုဂ္ဂိုလ်များမှ ဆန်အိတ်များပေးပို့လှူဒါန်းထားရှိပါသည်။**

| စဉ် | အလှူရှင်အမည် / ကုမ္ပဏီ / အဖွဲ့အစည်း | လှူဒါန်းသည့်ဆန် (၂၄ ပြည်အိတ်) | ငွေပမာဏ |
|---|---|---|---|
| ၁ | ဦးချစ်နိုင် + ဒေါ်ခင်စိုးဝေ ( ဒေင်အုပ်စု ကုမ္ပဏီလီမိတက် ) | ၂,၀၀၀ | |
| ၂ | ဦးအောင်သန်းဦး ( ပင်လယ်ကိုးသွယ် ကုမ္ပဏီလီမိတက် ) | ၅၀၀ | |
| ၃ | ဦးကျော်ဝင်း ( ရောမင်းသား ကုမ္ပဏီလီမိတက် ) | ၅၀၀ | |
| ၄ | ဦးလူမော်မြင့်မောင် ( ရွှေဝါရောင် ကုမ္ပဏီလီမိတက် ) | ၅၀၀ | |
| ၅ | ဦးအောင်ဇော်ဦး ( အောင်နိုင်သစ္စာ ကုမ္ပဏီလီမိတက် ) | ၅၀၀ | |
| ၆ | ဒေါက်တာဂင်းမြင့် ( မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် ) | ၅၀၀ | |
| ၇ | ဦးသိန်းဦး + ဒေါ်သီတာဝင်း ( အောင်မင်္ဂလာဆန်စက် ) | ၅၀၀ | |
| ၈ | ဦးရာဇာမျိုး ( ရွှေမနောမြေ ကုမ္ပဏီလီမိတက် ) | ၃၀၀ | |
| ၉ | ဦးလှဦး ( Good Brothers' Co.,Ltd ) | ၃၀၀ | |
| ၁၀ | ဦးခင်မြင့် ( International Green Land Company Limited ) | ၁၅၀ | |
| ၁၁ | ဒေါ်အေးသန္တာ ( Myanmar Rice Trading Co., Ltd ) | ၁၅၀ | |
| ၁၂ | ဦးသောင်းဝင်း ( Golden Lace POSCO Co.,Ltd ) | ၁၀၀ | |
| ၁၃ | ဦးမျိုးသူရအေး ( Eternal Victory Co.,Ltd ) | ၁၀၀ | |
| ၁၄ | ဦးရဲမင်းအောင်+ဒေါ်မေစိုးလှိုင် ( ဥက္ကဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ) | ၁၀၀ | |
| ၁၅ | ဦးနေလင်းဇင် ( Excel International Company Limited ) | ၁၀၀ | |
| ၁၆ | ဦးထွန်းလင်း ( ခေတ်လိုက် ကုမ္ပဏီလီမိတက် ) | ၅၀ | |
| ၁၇ | ဦးအာယု ( Ayeyar Hinthar Trading Co., Ltd ) | ၅၀၀ | |
| ၁၈ | ဦးသိန်းထွန်း + ဒေါ်ချိုချို ( Cho Cho and Thein Tun Trading Co., Ltd ) | ၅၀ | |
| ၁၉ | ဒေါက်တာမျိုးအောင်ကျော် ( Pioneer Agrobiz Co., Ltd ) | ၁၀၀ | |
| ၂၀ | ဦးတင်ဝင်း ( ဒုတိယဥက္ကဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ) | ၅၀ | |
| ၂၁ | ဦးထွန်းဝင်း ( ကောင်းမြတ်စံ Trading ၊ ဘုရင့်နောင်ပွဲရုံ ) | ၅၀ | |
| ၂၂ | ဦးတင်လှိုင်ဝင်း(ခ)ဦးမိုက် + ဒေါ်ခင်မျိုးသန့် ( အောင်ကောင်းမြတ်ဆန်ပွဲရုံ ၊ မန္တလေး ) | ၅၀ | |
| ၂၃ | ဦးအောင်အောင် ( Diamond River Co., Ltd ၊ မန္တလေး ) | ၅၀ | |
| ၂၄ | ဦးအောင်မြင့် ( ပထမဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ၊ FRP ) | ၇၀ | |
| ၂၅ | ဦးစိုင်းဖိလစ်ရီ + ဒေါ်ဖြူဖြူမင်း ( ခိုင်မာသောပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီ ) | ၅၀၀ | |
| ၂၆ | ဦးတင်ကိုကို + ဒေါ်အေးသီတာ ( Shining Star Gems & Jewellery မိသားစု ) | ၂၀၀ | |
| ၂၇ | ဦးဇော်လွင် + ဒေါ်ကြည်ကြည်ခင် ( လွင် (ပြည်) ဆန်ပွဲရုံ၊ မန္တလေးမြို့ ) | ၅၀ | |
| ၂၈ | ဦးထွေးမြင့် + ဒေါ်ခင်ကြည်ကြည် ( ဟေလာဆန်ပွဲရုံ၊ မန္တလေးမြို့ ) | ၅၀ | |
| ၂၉ | ဦးမြင့်လွင် ( အောင်စိုးမိုး ဆန်ပွဲရုံ၊ မန္တလေးမြို့ ) | ၅၀ | |
| ၃၀ | Phoenix Agrifoods Myanmar Pvt.Ltd | ၁၀၀ | |
| ၃၁ | မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO) | ၂၀၀ | |
| ၃၂ | ဒေါ်မွှေးမွှေး (မောင်) ဦးတင်ဝင်း ( မိုးပုလဲဆန်ပွဲရုံ၊ မန္တလေးမြို့ ) | ၅၀ | |
| ၃၃ | မန္တလေးတိုင်းဆန်ကုန်သည်အသင်းနှင့် ဆန်ကုန်သည်များ | ၁၅၀ | |
| ၃၄ | Makro Myanmar ( ARO Commertial Co., Ltd ) | ၁၀၀ | |
| ၃၅ | ဦးဇော်မြင့်ဦး ( ပွင့်ဆန်းယဉ်ဆန်စက် ၊ မှော်ဘီ ) | ၃၀ | |
| ၃၆ | Shwe Taung Group | ၅၀၀ | |
| ၃၇ | ကိုဂျာရစ် + မသင်း ( Café City & BBB မိသားစု ၊ မန္တလေးမြို့ ) | ၁၀၀ | |
| ၃၈ | Spic Yunnan International Power Investment Co ., Ltd | ၁၀၀ | |
| ၃၉ | U Maung Maung Gyi ( Maung Maung Gyi Trading Company ) | ၁၀၀ | |
| ၄၀ | U Thein Win ( Diamond Star Gems and Jewelry ) | ၁၀၀ | |
| ၄၁ | ဦးကိုကိုနိုင် ( မြောင်းမြ ) | ၁၀၀ | |
| ၄၂ | ဦးငွေလွင် + ဒေါ်ထားအိချို ( ရဲမာန်သစ္စာကုမ္ပဏီ မန္တလေး ) | ၅၀ | |
| ၄၃ | ဦးခင်မောင်မြတ် ( MD - Asia General Holding Co., Ltd ) | | 5,000,000 |
| ၄၄ | ဦးကျော်ဝေ ( ရတနာရောင်ခြည် ကျောက်မျက်ကုမ္ပဏီ ) | ၂၀၀ | |
| ၄၅ | ဦးရွှေမြင့် + ဒေါ်စမ်းမေ ( KNDP ကျောက်မျက်ကုမ္ပဏီ ) | ၁၀၀ | |
| ၄၆ | ဦးခိုင်ဇော်ဆွေ + ဒေါ်သက်သက်လှိုင် ( ကျောက်မျက်ကုမ္ပဏီ ) | ၁၀၀ | |
| ၄၇ | ဦးစိုး + ဒေါ်ဖူးပွင့်မော် ( ရွှေဝါတောင် သတ္တုတူးဖော်ရေး ) | ၁၀၀ | |
| ၄၈ | ဦးအာဝေ + ဒေါ်အေးအေး ( နေပြည်တော်ကျောက်မျက် ) | ၅၀ | |
| ၄၉ | ဦးနေမျိုးရွှေ + ဒေါ်သန်းသန်းဝင်း | ၅၀ | |
| ၅၀ | ဦးရဲခေါင် + ဒေါ်ဖြူဖြူဝင်း ( Classic City ) | ၅၀ | |
| ၅၁ | ဦးထွန်းထွန်းဦး + ဒေါ်စောကေသီမြိုင် ( ဆင်ကိုးကောင်ဖိနပ်လုပ်ငန်း) | ၅၀ | |
| ၅၂ | ဦးဝေယံ + ဒေါ်ဂျာနွဲ့ ( ကျောက်မျက်ကုမ္ပဏီ ) | ၅၀ | |
| ၅၃ | ဦးဘရန်အောင် + ဒေါ်စုစုမွန် | ၅၀ | |
| ၅၄ | ဦးတင်ငွေး ( Thamadi Family Trading Co., Ltd) | ၁၀၀ | |
| ၅၅ | Wilmar Myanmar Co., Ltd | ၂၀၀ | |
| ၅၆ | မဟာမြိုင်ရပ်မိရပ်ဖမိသားစု ( ၆၄လမ်းနှင့်၆၆လမ်းကြား၊ ၃၀လမ်းမပေါ် ) | ၁၀၀ | |
| ၅၇ | OLAM | | USD 2000 |
| ၅၈ | PMH Co.,Ltd | ၅၀ | |
| ၅၉ | Mitsui Co.,Ltd | | 2,780,000 |
| ၆၀ | U Htay Lwin + Daw Htar Ei Cho (ရဲမာန်သစ္စာကုမ္ပဏီ) | ၅၀ | |
| | **စုစုပေါင်း** | ၁၁၀၀၀ | USD 2000<br>7,780,000/-<br>MMK |

# Covid -19 ကာလအတွက် အသင်းချုပ်၏ အကြံပြုတင်ပြချက်များ

MRF

Coronavirus Disease (Covid-19) ကာလအတွက်
**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အကြံပြုတင်ပြချက်များ**

Covid-19 ကာလတွင် ဆန်စပါးလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက်အောက်ပါတို့ကို ဦးစားပေး၍ စဉ်းစားသုံးသပ်ဆောင်ရွက်ပေးရန်နိုင်ငံတော်အစိုးရထံသို့တင်ပြအကြံပြုအပ်ပါသည်။ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များအတွက် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြုစုထားပါသည်။

၁။ ဆန်စပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေကို ယခုလာမည့်မိုးစပါးရာသီမှ စတင်၍ (အနည်းဆုံးအားဖြင့်) တစ်ဧက (၂)သိန်းနှုန်းဖြင့်တိုးမြှင့်ပေးရန်။

၂။ (၁၀) ဧက အထက် မှ (၁၀၀) ဧက အထိပိုင်သော လယ်သမားကြီးများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို စီစဉ်ခွင့်ပြုပေးရန်။

၃။ မျိုးစေ့ထုတ် တောင်သူများနှင့် မျိုးစေ့သန့်စင်ထုတ်ပိုး ဖြန့်ဖြူးရောင်းချသည့် မျိုးထုတ်လုပ်ငန်းများအတွက် ချေးငွေ စီစဉ်ပေးရန်။

၄။ မိုးရာသီတွင် လယ်မြေ၊ လယ်ယာမြေ တို့တွင်စပါးသီးနှံအပြင် အခြားသော စိုက်ပျိုး/မွေးမြူရေး လုပ်ကိုင်လိုသော တောင်သူများအား လွယ်ကူ/လျှင်မြန်စွာ ခွင့်ပြုပေးရန်။

၅။ ဆန်စပါးအပြင် အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် တောင်သူလယ်သမားများအား ချေးငွေကိုအောက်ခြေအဆင့်တွင်လွယ်ကူစွာ အချိန်မီရရှိနိုင်ရေး ညှိနှိုင်းစီစဉ်ပေးရန်။

၆။ ဆန်စပါး အဓိက စိုက်ပျိုးသော ဒေသများတွင် **"ခရိုင်အဆင့် စိုက်ပျိုးရေးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များ"** ကို အထွေထွေအုပ်ချုပ်ရေးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ စီမံကိန်း၊ စိုက်ပျိုးရေး၊ စက်မှုလယ်ယာ၊ ဆည်မြောင်း၊ လယ်ယာမြေစာရင်းအင်း၊ သမဝါယမ တို့ပါဝင်သော အစိုးရဘက်နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ဒေသတွင်း ရှိ ကုန်သည်လုပ်ငန်းရှင်များ၊ မြေဩဇာ ကိုယ်စားလှယ်များ နှင့် လယ်ယာဝန်ဆောင်မှု ပေးနေသည့် အစုအဖွဲ့များ မှ ကိုယ်စားလှယ်များ စုပေါင်းပါဝင် ဖွဲ့စည်းပေးရန်၊ အဆိုပါအဖွဲ့များအနေဖြင့် ဆန်စပါး နှင့် သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေး လုပ်ငန်းကို စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေး၊ နည်းပညာ၊ သွင်းအားစု၊ စက်ကိရိယာ ဝန်ဆောင်မှု၊ ဈေးကွက်နှင့် ချိတ်ဆက်မှုတို့ အဆင်ပြေလွယ်ကူစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် တောင်သူများ၏ လိုအပ်မှုများအတွက် ဝန်ဆောင်မှုပေးရန်။

၇။ မြို့နယ်အဆင့်၊ ကျေးရွာ အဆင့် တို့တွင်စိုက်ပျိုးရေးအတွက် လိုအပ်မည့် သွင်းအားစုများ နှင့် စက်မှုလယ်ယာ ကိရိယာများ၊ စိုက်ပျိုးရေးဆိုင်ရာ အခြားသော လိုအပ်မှုများကို စနစ်တကျ တွက်ချက်ခန့်မှန်းကာ ကြိုတင် ပြင်ဆင် စီစဉ်ထားရေး အတွက် စိုက်ပျိုးရေးဦးစီးဌာန မှ ဦးဆောင် စီစဉ်ပေးရန်။

MRF

၈။ ကျေးလက်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက် စံပြကျေးရွာများ ရွေးချယ်ကာ ကျေးရွာရန်ပုံငွေ ထူထောင်ပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအား ပိုမိုအားထည့် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးနှင့် နည်းပညာအကူအညီ၊ ဈေးကွက် ချိတ်ဆက်ပေးမှု ဆိုင်ရာအကူအညီများ စီစဉ်ဆောင်ရွက်ပေးရန်နှင့် မြစ်မိုးရောင် စီမံကိန်း၊ ဆမားအုပ္ပန်ကျေးရွာသစ် စီမံကိန်းစသော ကျေးရွာနှင့် ကျေးလက်အခြေခံ စီမံကိန်းများ၏ အားသာချက်၊ အားနည်းချက်များ၊ အကျိုး အပြစ်များအား အမြန်ဆုံး ပြန်လည်သုံးသပ်ကာ ကျေးရွာအသစ်များ ထပ်မံရွေးချယ်ပြီး တိုးချဲ့ ဆောင်ရွက်နိုင်ရေး စီစဉ်ပေးရန်။

၉။ စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်းများအတွက် လက်ရှိတည်ထောင်ထားပြီး ဖြစ်သော Call Center များအပြင် လူမှုကွန်ယက်များ၊ FM Radio နှင့် TV Channel များ မှ လယ်ယာ စိုက်ပျိုးရေး နည်းပညာများ (အစီအစဉ် အသစ်များ)၊ Covid-19 နှင့် ပတ်သက်သော ဆောင်ရန် ရှောင်ရန်များ၊ ပြည်တွင်းပြည်ပ ဈေးကွက် အခြေအနေ များကို ပုံမှန်ထက်ပို၍ ထုတ်လွှင့် ပေးခြင်း နှင့် တိုးမြှင့် ဝန်ဆောင်မှုပေးခြင်း ကို ဆောင်ရွက်ပေးရန်။

၁၀။ ၂၀၂၀ ပြည့်နှစ် စိုက်ပျိုးရေးရာသီများနှင့် သီးနှံအမယ်များအတွက် အဓိကလိုအပ်သော မျိုးစေ့၊ သွင်းအားစု မြေဩဇာများ နှင့်စိုက်ပျိုးရေးဆေးများကို ကြိုတင်စီစဉ်စုဆောင်း သိုလှောင်ထားရှိနိုင်ရေး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်းစီစဉ် ထားရန်။

၁၁။ ကျေးရွာအဆင့်တွင် အသေးစားသိုလှောင်ရုံများနှင့် အခြောက်ခံစက်များ တည်ဆောက်ရင်း နှီးမြှုပ်နှံလိုသော တောင်သူလယ်သမား အစုအဖွဲ့များနှင့် သမဝါယမ အဖွဲ့များကို သက်သာသော အတိုးနှုန်းဖြင့် ချေးငွေ စီစဉ်ပေးရန်။

၁၂။ ဆန်စပါးနှင့် သီးနှံများ ထွက်ပေါ်ချိန် တွင်ဈေးမကျဆင်းစေရန် နှင့် ဈေးကွက် ပုံမှန်ရရှိစေရေး အတွက် ပြည်တွင်း ဝယ်လက်များနှင့်လည်းကောင်း၊ ပြည်ပနိုင်ငံများနှင့် G to G ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း အထူးဦးစားပေး ညှိနှိုင်းဆောင်ရွက်ကူညီပေးရန်။

၁၃။ ဆန်စပါးအပါအဝင် လယ်ယာသားငါးစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးအလို့ငှာ စားသုံးသူများ အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ထုတ်လုပ်သူ တောင်သူလယ်သမားများ အတွက် သင့်တင့်မျှတသော စရိတ်စကများ ဖြစ်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ဘက်မျှ၍ ဟန်ချက်ညီစွာ ဆောင်ရွက်ပေးရန်။

၁၄။ ဈေးကွက်ဈေးနှုန်း ထိန်းညှိပေးရန် နှင့် လိုအပ်ပါက ပြည်တွင်းတွင် ဖြန့်ဖြူးပေးရန် အလို့ငှာအရန်ဆန် အစီအစဉ် (Rice Buffer Stock Scheme) ကို ရန်ကုန်၊ မန္တလေးနှင့် အဓိကမြို့ကြီးများတွင်စတင်ဖော်ဆောင် ထားရှိရေး တစ်ဆင့်ပြီး တစ်ဆင့်စီစဉ်ဆောင်ရွက်ပေးရန်။

၁၅။ ဆန်စက်များ၊ ဆန်စပါးကုန်သည်များ နှင့်ပြည်ပတင်ပို့သည့် ကုမ္ပဏီများအား စပါး/ဆန်ဝယ်ယူရေး အတွက် ချေးငွေများ ကို တောင်သူလယ်သမားများနှင့် အကျိုးတူကန်ထရိုက်လယ်ယာ စာချုပ်ချုပ်ဆိုဆောင်ရွက်မှုကို အခြေခံ၍ စီစဉ်ပေးရန်။

MRF

၁၆။ ဆန်စက်လုပ်ငန်းရှင်များ၏ တည်ဆဲဆန်စက်ရုံဝန်းအတွင်း ထပ်မံတိုးချဲ့ တည်ဆောက်မည့် သိုလှောင်ရုံ၊ အဆင့်မြှင့်တင်မည့် စက်ယန္တရားများ နှင့် အခြောက်ခံစက်များ တိုးချဲ့ တပ်ဆင်မှု အတွက် သက်သာသော အတိုးနှုန်းဖြင့် ကာလလတ် (သို့မဟုတ်) ကာလရှည် ချေးငွေ စီစဉ်ပေးရန်။

၁၇။ ဆန်စပါးနှင့် လယ်ယာသားငါး ထွက်ကုန်များတန်ဖိုးမြှင့်ထုတ်လုပ်သည့် စားနပ်ရိက္ခာတန်ဖိုးမြှင့်ထုတ်လုပ်မှုများ၊ စပါးခွံမှ လျှပ်စစ်ထုတ်လုပ်မှု၊ ဖွဲနုဆီထုတ်လုပ်မှု၊ အအေးခန်း သိုလှောင်ရုံများနှင့်အကြီးစား ခေတ်မီသိုလှောင်ရုံများ တည်ဆောက်ရင်းနှီးမြှုပ်နှံမှု ၊ ဓါတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုလုပ်ငန်းများနှင့် စက်မှုလယ်ယာ ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အား ပြည်ပနိုင်ငံများမှ သက်သာသောအတိုးဖြင့် ချေးငွေရရှိရေး၊ နိုင်ငံတော် အစိုးရအနေဖြင့် ချေးငွေဆိုင်ရာ အာမခံထုတ်ပေးကာ နိုင်ငံတကာချေးငွေရရှိရေး စီစဉ်ပေးပါရန်။

၁၈။ လျှပ်စစ်ဓါတ်အားခနှုန်းများ ကို Covid-19 ဖြစ်ပေါ်နေချိန်ကာလတွင် ကောက်ခံနှုန်းများအား လျှော့ပေါ့ကောက်ခံ ပေးရန်။

# Covid -19 ကာလအတွင်း စုပေါင်းမျှဝေဒါနပြုခြင်း အစီအစဉ်အရ ဆန်လှူဒါန်းမှုများပြုလုပ်





ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ စာသင်တိုက်များ၏ ဆွမ်းကိစ္စများအခက်အခဲမရှိစေရန်၊ အခြားသောဘာသာဝင်များ၏ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများဖြစ်သည့် သက်ကြီးစောင့်ရှောက်ရေးဂေဟာများ၊ ကုသိုလ်ဖြစ်ဆေးခန်းများ၊ မိဘမဲ့ဂေဟာများ၊ မသန်စွမ်းဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ မျက်မမြင်ကျောင်းများအစရှိသည်တို့တွင် စားရေးအခက်အခဲမရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မြန်မာ့ရွှေဆောင်ဘဏ် (Myanma Apex Bank –MAB) မှ ပေါ်ဆန်းမွှေးဆန်အိတ် အိတ်(၁,၀၀၀)၊ ညှော်မထဆန်အိတ် အိတ်(၁,၀၀၀) စုစုပေါင်းဆန်အိတ် ၂,၀၀၀ တို့ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ နှင့် အထွေထွေအတွင်းရေးမှူးတို့ ဦးဆောင်သော အဖွဲ့မှလည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် နာယက ဦးချစ်ခိုင်၏ မတည်လှူဒါန်းသော ဆန်အိတ်(၂၀၀၀)နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အဖွဲ့ဝင်များမှ စုပေါင်းလှူဒါန်းသော ဆန်များကို စားနပ်ရိက္ခာအရေးပေါ် စီမံခန့်ခွဲရန် လိုအပ်သည့်အချိန်ကာလတွင် အသုံးပြုနိုင်ရေး ပါဝင်လှူဒါန်းပေးမည့်ကိစ္စကိုလည်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တင်ပြဆွေးနွေးခဲ့ပါသည်။

## Covid-19 ဒုတိယလှိုင်းအတွက် လှူဒါန်းခြင်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ Covid-19 ကပ်ရောဂါ ဒုတိယလှိုင်းအား ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ငွေကျပ်သိန်းနှစ်ရာအား အသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီဝင်များဖြစ်သည့် ဦးအောင်မြင့်နှင့် ဒေါ်သီတာဝင်းတို့က စက်တင်ဘာလ(၂၈)ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့ပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

ဂုဏ်ပြုမှတ်တမ်းလွှာ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း(၂၀၀)တိတိ တန်ဖိုးရှိ လိုအပ်သောပစ္စည်းများ လှူဒါန်းခြင်းအား ဂုဏ်မှတ်တမ်းတင်လွှာဖြင့် အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

ဖြိုးမင်းသိန်း
ဝန်ကြီးချုပ်

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်

# COVID -19 ကာလအတွင်း ဆန်အိတ်များ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး လှူဒါန်းမှု

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏နာယကဦးချစ်ခိုင်၏ဦးဆောင်စီစဉ်မှုဖြင့်အသင်းချုပ်၏အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင်ကုမ္ပဏီများ၊ ညီနောင်အသင်းများနှင့် နာယကကြီး၏ မိတ်ဆွေများမှ စုပေါင်း၍ Corona Virus Disease 2019 (COVID-19) ကူးစက်ရောဂါကြောင့် ဖြစ်ပေါ် လာနိုင်သည့် စားနပ်ရိက္ခာလိုအပ်မှု၊ လူမှုရေး၊ကျန်းမာရေးစသည့် လိုအပ်မှုများကို နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းမျှဝေလှူဒါန်းနိုင်ရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းအစီအစဉ်အရ (COVID-19) ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြု နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးထံသို့ ဆန်အိတ်များပေးအပ်လှူဒါန်းခဲ့ပါသည်။

ယခုလတ်တလောတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော (COVID-19) ရောဂါကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဆန်(၆)ပြည်အိတ် (၃၀၀၀) ကို (၂၅.၈.၂၀၂၀) ရက်နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ လည်းကောင်း၊ (၁.၉.၂၀၂၀) ရက်နေ့တွင် ရခိုင်ပြည်နယ်အတွက် ဒုတိယအကြိမ်မြောက်၊ တောင်ကုတ်မြို့သို့ ဆန်(၂၄)ပြည် အိတ် (၂၀၀)ကိုလည်းကောင်း ပေးပို့လှူဒါန်းခဲ့ပါသည်။






## COVID -19 ကာလအတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ဆန်အိတ် (၅၀၀၀)လှူဒါန်း



# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ဆန်အိတ်များလှူဒါန်းခြင်းနှင့်တွေ့ဆုံဆွေးနွေးခြင်း

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးလှမိုးအောင်နှင့်တာဝန်ရှိသူများထံသို့မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ Covid-19 ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ဆန်အိတ်(၅၀၀)ထောက်ပံ့လှူဒါန်းရေးနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံဆွေးနွေးပွဲအား (၁၃-၇-၂၀၂၀) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။









# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ဆန်အိတ်များ လှူဒါန်းခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများထံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး Covid 19 ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ဆန်အိတ် (၅၀၀) ထောက်ပံ့လှူဒါန်းရေးနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံဆွေးနွေးပွဲအား (၁၅.၇.၂၀၂၀) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပါသည်။











# COVID -19 ကာလအတွင်း သက်သာသောဈေးဖြင့် ဆန်များရောင်းချဖြန့်ဖြူးပေးခြင်း

ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွက် မြို့နယ်များအားလုံး (ကိုကိုးကျွန်းမြို့နယ် မပါ) ကို Stay at Home နေထိုင်ရန် နှင့် ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် Work from Home စနစ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရန် (၂၀-၉-၂၀၂၀) တွင် အမိန့်ညွှန်ကြားချက် ထုတ်ပြန်ထားသဖြင့် ဆန်စပါး ကြိတ်ခွဲ သိုလှောင် ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများဆက် လက်လုပ်ဆောင်နိုင်ပြီး လုပ်ငန်းခွင်တွင် တတ်နိုင်သမျှ လူဦးရေအနည်းဆုံးဖြင့် ကျန်းမာရေးဆိုင်ရာအသိ၊ သတိထားပြီး Covid-19 ဆိုင်ရာ ဆောင်ရန်ရှောင်ရန်များကို တိကျစွာလိုက်နာဆောင်ရွက်သွားရန် အသင်းချုပ်မှ ကြေညာချက်ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ ထိုအပြင် ဘုရင့်နောင်ကုန်စည်ဒိုင် နှင့် ဝါးတန်းကုန်စည်ဒိုင်များအနေဖြင့် (Monday, Wednesday, Friday) တို့တွင်သာ ဖွင့်လှစ်ခဲ့ပြီး လက်လီဆန်ဆိုင်များ၊ စားသုံးသူ ပြည်သူများအနေဖြင့် ဆန်ဝယ်ယူရန်လိုအပ်ချက်များရှိပါက အသင်းချုပ်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ လက်လီဆိုင်များ၊ စက်ရုံများရှိရာ စက်မှုဇုန်များနှင့်ဈေးများသို့ ကားများဖြင့် လှည့်လည်ရောင်းချခြင်းများကိုလည်း ညီနောင်အသင်းဖြစ်သည့် ဆန်စပါးကုန်သည်အသင်းနှင့် ပူးပေါင်း၍ လုပ်ဆောင်ခဲ့ပါသည်။

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်၊ ရပ်ကွက်များသို့ သက်သာသောဈေးနှုန်းဖြင့် ဆန်များ လိုက်လံဖြန့်ဖြူးရောင်းချပေးခြင်း





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်များကို သက်သာဈေးဖြင့် လိုက်လံဖြန့်ဖြူး ရောင်းချပေးသည့် အစီအစဉ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်လျင်၊ လှည်းကူး၊ ကျောက်တန်း၊ တွံတေး၊ ခရမ်း၊ ကော့မှူး၊ ထန်းတပင်၊ တိုက်ကြီး၊ သုံးခွ၊ ကွမ်းခြံကုန်းမြို့နယ်များသို့ ၄.၁၁.၂၀၂၀ ရက်နေ့မှ စတင်၍ ၁၁.၁၁. ၂၀၂၀ ရက်နေ့အထိ လိုက်လံဖြန့်ဖြူးရောင်းချနိုင်ခဲ့ပါသည်။

# Stay at Home ကြေညာထားသည့် မြို့နယ်များသို့ ဆန်များလက်လီရောင်းချခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် ဆန်ကုန်စည်ဒိုင်များ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အဖြစ် (၂၄-၉-၂၀၂၀) ရက်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း Stay at home ကြေညာထားသည့် မြို့နယ်များရှိ ဆန်လက်လီဆိုင်များအရောက် (ဧည့်မထ အရှည်/အသွယ် - ၂၅%) ကို Delivery စနစ် ဖြင့် ရောင်းချပေးခဲ့ရာ ယနေ့အထိ မြို့နယ် (၂၄) မြို့နယ်မှ လက်လီဆိုင်(၉၅)ဆိုင်သို့ ဆန်အိတ် (၄၇၄၅)အိတ်အား ပေးပို့ရောင်းချပေးခဲ့ပါသည်။

ဆက်လက်ပြီး ဆန်လက်လီဆိုင်များသို့ ရောင်းချပေးလျက် ရှိပါကြောင်းနှင့် အခြားဆန် အမျိုးအစားများကိုလည်း သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါကြောင်း၊ Covid-19 လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆန်ဝယ်ယူလိုသူများအနေဖြင့်လည်း ချိတ်ဆက်ဝယ်ယူ လှူဒါန်းနိုင်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

## မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ လက်လီရောင်းချခြင်းမှတ်တမ်းများ










## မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလက်လီရောင်းချခြင်းမှတ်တမ်းများ










# နိုင်ငံတော်အရန်ရိက္ခာဆန်များ ဝယ်ယူရေးနှင့် ဖြန့်ဖြူးရေးဆိုင်ရာပူးပေါင်းကူညီမှု

နိုင်ငံတော်၏အရန်ရိက္ခာအစီအစဉ်အရအရန်ဆန်များကိုဝယ်ယူခြင်း၊စစ်ဆေးခြင်း၊လက်ခံခြင်း၊သိုလှောင်ခြင်းကိစ္စများ၊ အဆိုပါ အရန်ဆန်များကို ဖြန့်ဖြူးရောင်းချခြင်း ကိစ္စများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။













စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ဆန်စပါးဈေးကွက်အခြေအနေ၊ ပြည်ပတင်ပို့မှု၊ လက်လီဆန်ဆိုင်များမှ ရောင်းချမှုနှင့် အရန်ရိက္ခာဆန်လုပ်ငန်းတို့အပေါ် ဆွေးနွေးညှိနှိုင်း(၂၂-၇-၂၀၂၀)ရက်နေ့

# နိုင်ငံတော်အရန်ဆန်များအား တိုင်းဒေသကြီး ပြည်နယ်များသို့ ဖြန့်ဖြူးပြီးစီးမှု၊ ရှေ့ဆက်လက် ဖြန့်ဖြူးရေးကိစ္စများအား ဆွေးနွေးခြင်း


နိုင်ငံတော်အရန်ဆန်များအား တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးပြီးစီးမှု၊ ရှေ့ဆက်လက် ဖြန့်ဖြူးပေးရန် ဆောင်ရွက်ပေးရမည့် အစီအစဉ်များ၊ လက်ရှိဖြန့်ဖြူးမှုစနစ်အပေါ် ပိုမိုကောင်းမွန်မည့် အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲများစသည်တို့ကို နိုင်ငံတော်သို့ တင်ပြနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား Online Discussion ဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ဆန်စပါးအသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆန်စပါး ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

# ဌာနဆိုင်ရာများနှင့် Covid-19 ကာလတွင် စပါးရိတ်သိမ်း ခြွေလှေ့စက်များအား နယ်ကျော် သွားလာခြင်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခြင်း







စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်လျက် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် နှင့် ညီနောင်အသင်းများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား Online Virtual Meeting အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် Covid-19 ကာလတွင် စပါးရိတ်သိမ်း ခြွေလှေ့စက်များအား နယ်ကျော်သွားလာ ရိတ်သိမ်းခွင့်ရရှိရေး၊ ရိတ်သိမ်းခြွေလှေ့ပြီး စပါးများအား အဝယ်ဒိုင်/ ဆန်စက်/ သိုလှောင်ရုံများသို့ သွားလာရောင်းဝယ်မှု ပြုလုပ်နိုင်ရေး၊ နယ်ဆန်စက်များမှ ကြိတ်ခွဲပြီး ဆန်များအား ရန်ကုန်ဈေးကွက်နှင့် အခြားဒေသ ဈေးကွက်များသို့ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် သွားလာရောင်းဝယ်ခွင့်ပြုနိုင်ရေး၊ အခြောက်ခံစက်များ တပ်ဆင်နိုင်ရေး၊ ဆောင်းသီးနှံများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လယ်ထွန်စက်များကို နယ်ကျော်သွားလာနိုင်ရေး၊ အဆိုပါ လုပ်ငန်းများကို ကြီးကြပ်ကူညီဆောင်ရွက်နိုင်ရေး အတွက် ဒေသအလိုက် အဖွဲ့များ ဖွဲ့စည်းပေးနိုင်ရေးနှင့်ဆောင်ရွက်မည့် Guideline – SOPs များ ဆောင်ရွက်ပေးနိုင်ရေး စသည့် လုပ်ငန်းစဉ်များနှင့် အခြေခံဈေးနှုန်းအောက် မရောက်ရှိစေရေးအတွက် စပါးထိန်းကျောင်းဝယ်ယူပေးမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## မြို့နယ်အဆင့် လယ်ယာသုံးစက်ကိရိယာများ ရွှေ့ပြောင်းအသုံးချနိုင်ရေး ပူးပေါင်းညှိနှိုင်းရေးအဖွဲ့အား ဆက်သွယ်နိုင်ကြောင်း အသိပေးကြေညာချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ Covid-19 ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေစဉ်ကာလတွင် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ရွှေ့ပြောင်းအသုံးချနိုင်ရန်အတွက် "မြို့နယ်အဆင့် လယ်ယာသုံးစက်ကိရိယာများ ရွှေ့ပြောင်းအသုံးချနိုင်ရေး ပူးပေါင်းညှိနှိုင်းရေးအဖွဲ့" ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၆)ရက်နေ့တွင် ရုံးအမိန့်စာအမှတ် (၁၄၇/ ၂၀၂၀)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ ပါသည်။

အဆိုပါ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့များတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြို့နယ်ကိုယ်စားလှယ်မှ အဖွဲ့ဝင်အဖြစ် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ပါသောကြောင့် တောင်သူလယ်သမားများ၊ သီးနှံစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် လယ်ယာသုံးစက်ကရိယာများအား တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းအသုံးချနိုင်ရေးအတွက် အကူအညီလိုအပ်မှုရှိပါက မြို့နယ်ပူးပေါင်းညှိနှိုင်းရေးအဖွဲ့သို့ လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မြို့နယ်ကိုယ်စားလှယ်ထံသို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်ကြီးကြပ်ထုတ်ဝေသည့် စာအုပ်များအား လှူဒါန်းခြင်း



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ပေါ် ဆန်းမွေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာဆွေးနွေးပွဲမှ စာတမ်းများနှင့် အကြံပြုချက်များအား စုပေါင်းလျက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်ကြီးကြပ်ထုတ်ဝေသည့် "မြန်မာ့ပေါ်ဆန်းမွေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ ဆွေးနွေးပွဲစာတမ်းများနှင့် အကြံပြုချက်များ" စာအုပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Welthungerhilfe-WHH အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် Rice Seed Sector Development Project –RSSD Project အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်ကြီးကြပ်ထုတ်ဝေသည့် "စပါးအထွက်တိုး နည်းပညာအခြေခံဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ပုံနည်းလမ်း" စာအုပ်များကိုလည်းကောင်း - ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းပွဲအား ယနေ့ (၁၉.၈.၂၀၁၉) ရက်နေ့တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပေးအပ်လှူဒါန်းပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ စီမံခန့်ခွဲရေးကော်မတီဝင်များပါဝင် တက်ရောက်လှူဒါန်းခဲ့ကြပါသည်။

## ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကူညီဆောင်ရွက်ပေးနိုင်ရေးအား တွေ့ဆုံဆွေးနွေးတင်ပြခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုစီးပွားရေးရာကော်မတီနှင့် ဗဟိုတောင်သူလယ်သမားရေးရာလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူတို့အား (၂၅.၆.၂၀၁၉)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ သွားရောက်တွေ့ဆုံဆွေးနွေးတင်ပြခဲ့ပါသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဆန်စပါးကဏ္ဍ၏ စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲမှု၊ ကုန်သွယ်ရောင်းဝယ်မှု စသည့် (Supply Chain)တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လက်ရှိရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြပြီး ရေတိုရေရှည် ဖြေရှင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုရေးအခန်းကဏ္ဍမှ ကူညီဆောင်ရွက်ပေးနိုင်ရေးအား ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။





# တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရေးဆောင်ရွက်ချက်များ

## ဆန်၊ ဆန်ကွဲ တင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ

ဒုတိယသမ္မတ(၁)၊ ပြည်ထောင်စုဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၏ တွေ့ဆုံဆွေးနွေးပွဲ အား (၁၅.၃.၂၀၁၉) ရက်နေ့တွင် UMFCCI ၌ ပြုလုပ်ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့ရောင်းချနိုင်ရေး အပါအဝင် အောက်ပါလုပ်ငန်းစဉ်များဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းဆွေးနွေးတင်ပြခဲ့ပါသည်-

(၁) ယူနန်ပြည်နယ်အစိုးရ၊ ကူမင်းပြည်သူ့အစိုးရနှင့် MOU လက်မှတ်ရေးထိုးပြီး နယ်စပ်မှ ဆန်/ဆန်ကွဲတင်ပို့နိုင်ရေး။

(၂) မူဆယ်နယ်စပ်တွင် လက်ရှိရောက်ရှိနေသော ဆန်တန်ချိန်(၄)သောင်းကျော်အတွက် ယူနန်ပြည်နယ် အစိုးရအဖွဲ့နှင့် အမြန်ဆုံးညှိနှိုင်းကူညီဆောင်ရွက်ပေးနိုင်ရေး။

(၃) တရုတ်နိုင်ငံသို့ G to G အနေဖြင့် ဆန်တန်ချိန် (၄)သိန်း တင်ပို့ခွင့်ရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးနိုင်ရေး။

(၄) ဆန်ကွဲတင်ပို့ခြင်းနှင့် ပတ်သက်၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါရန် စိုက်ပျိုးရေးဦးစီးဌာနမှ တရုတ်နိုင်ငံရှိ Counterpart Agency ဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး။

(၅) စပါးစိုက်ပျိုးမှု (၁၀) ဧကနှင့် အထက်ပိုင်ဆိုင်လုပ်ကိုင်သည့် တောင်သူလယ်သမားများအား ဧကအလိုက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ချေးငွေကို အပြည့်အဝ ထုတ်ချေးပေးနိုင်ပါရန်နှင့် အထူးသဖြင့် ရခိုင်ပြည်နယ်မှ တောင်သူလယ်သမားများအတွက် ယခုဘဏ္ဍာနှစ်အမီ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံစာချုပ်ပါအချက်အလက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးဆွေးနွေး



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့နိုင်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိရာ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် စာချုပ်ပါအချက်အလက်များအား စနစ်တကျ ဆောင်ရွက်နိုင်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်တို့မှ တာဝန်ရှိသူများ၏ တွေ့ဆုံဆွေးနွေးပွဲအား(၃.၄.၂၀၁၉)ရက်နေ့တွင် အသင်းချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် စာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့မည့်ဆန်များအား ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းဆောင်ရွက်မည့် ကုမ္ပဏီများကို နှစ်စဉ်စိစစ်ရွေးချယ်တင်ပြရမည် ဖြစ်ပါသောကြောင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်း အရည်အသွေးများ ပြည့်မီသည့် ဆန်စက်/သိုလှောင်ရုံများကို စိစစ်စစ်ဆေးတင်ပြနိုင်ရေးအတွက် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်အား တာဝန်ပေးအပ်နိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။





# MOU signing ceremony between COFCO and MRF for 100000MT of Myanmar Rice Export to China




## တရုတ်နိုင်ငံ ဘေဂျင်းမြို့ COFCO ရုံးချုပ်သို့ သွားရောက်ခဲ့ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း ဘေဂျင်းမြို့ COFCO Group ရုံးချုပ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် COFCO တို့အကြား ချုပ်ဆိုဆောင်ရွက်နေသော ဆန်တန်ချိန်(၁)သိန်း ဝယ်ယူ/ရောင်းချမှုဆိုင်ရာ သဘောတူညီချက်ကိစ္စနှင့် မြန်မာနိုင်ငံမှ ဆန်၊ သကြား၊ ပြောင်းတို့ကို ပိုမိုဝယ်ယူရေးကိစ္စများအား ရင်းနီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။





## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့်
## China National Cerealsc, Oils and Foodstuffs Corporation (COFCO) အဖွဲ့မှ ဆန်စပါးကုန်စည်ဒိုင်/ဆန်စက်များအား သွားရောက်လေ့လာခြင်း
















## တရုတ်နိုင်ငံသို့ စပါးနှင့် ပီလောပီနံ (Chips) တင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေး

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စပါးနှင့်ပီလောပီနံ (Chips) များတင်ပို့ရောင်းချနိုင်ရန်အတွက် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၊ အပင်နှင့်တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဌာန (GACC)မှ ပြစု ပေးပို့လာသော အခြေပြစာချုပ်မူကြမ်းအပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမာန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှတာဝန်ရှိသူများ၏ ညှိနှိုင်း တွေ့ဆုံဆွေးနွေးပွဲအားကုန်သည်/စက်မှုအသင်းချုပ်၏ စီစဉ်ဖိတ်ကြားမှုအရ (၁၉.၁၁.၂၀၁၉)ရက်နေ့ တွင်ပြုလုပ်ခဲ့ပါ သည်။





## ပြည်ပသို့ ဆန်/ဆန်ကွဲ တင်ပို့ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်/ ဆန်ကွဲ တင်ပို့ခွင့်ရ ကုမ္ပဏီများ၏ ပြည်ပသို့ ဆန်/ ဆန်ကွဲ တင်ပို့ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား (၁၇-၇-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။






# မြန်မာ့ဆန်/စပါး စံချိန်စံညွှန်း ရေးဆွဲတင်ပြရေး ဆွေးနွေးပွဲများ

## မြန်မာ့စပါး စံချိန်စံညွှန်း ရေးဆွဲတင်ပြရေး ဆွေးနွေး

စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်မောင်နှင့် ညွှန်ကြားရေးမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ လုပ်ငန်းပညာရှင်များနှင့် အဖွဲ့အား မြန်မာ့စပါးအရည်အသွေးအဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်းစနစ်များပြုစုထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများကတွေ့ဆုံရှင်းလင်း တင်ပြစဉ်။





## မြန်မာ့ဆန် စံချိန်စံညွှန်း ရေးဆွဲတင်ပြရေး ဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် International Finance Corporation-IFC အဖွဲ့တို့ ပူးပေါင်းစီစဉ် ရေးဆွဲထားရှိသည့် မြန်မာ့ဆန် စံချိန်စံညွှန်း(မူကြမ်း)နှင့်စပ်လျဉ်း၍ နိုင်ငံတကာမှ ဆန် တိုက်ရိုက်ဝယ်ယူသည့် ကုမ္ပဏီများ၊ နိုင်ငံတကာမှ ကြားခံကုန်သွယ်သူများ၊ ပြည်တွင်း၊ ပြည်ပ အရည်အသွေးစစ်ဆေးရေးကုမ္ပဏီများမှ သုံးသပ်အကြံပြုချက်များပေးပို့လာခြင်း အပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။





## 'မြန်မာ့ဆန် စံချိန်စံညွှန်း' နှင့် 'မြန်မာ့စပါး အရည်အသွေးနှင့် အဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်းစနစ်' မူကြမ်းအပေါ် **Online Discussion** ဆွေးနွေးပွဲ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် International Finance Corporation – IFC အဖွဲ့တို့ ပူးပေါင်းရေးဆွဲထားရှိသည့် "မြန်မာ့ဆန် စံချိန်စံညွှန်း" နှင့် "မြန်မာ့စပါး အရည်အသွေးနှင့် အဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်းစနစ်" မူကြမ်းအပေါ် Online Discussion ဆွေးနွေးပွဲအား (၅-၁၀-၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရှင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် စံချိန်စံညွှန်း ပြုစုတင်ပြရေးကော်မတီဝင်များ ပါဝင်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



# နိုင်ငံတကာသို့ သွားရောက်လေ့လာခြင်းများ

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့လာရေးခရီးစဉ်သွားရောက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး ဦးဆောင်သည့် ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့်အတူ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ (၁၈.၅.၂၀၁၉) ရက်နေ့မှ (၂၃.၅.၂၀၁၉) ရက်နေ့အထိ သွားရောက်ခဲ့ပါသည်။

အဆိုပါ ခရီးစဉ်တွင် လေ့လာရေးကိုယ်စားလှယ်အဖွဲ့များသည် ဗီယက်နမ်-မြန်မာ ပူးပေါင်း၍ နှစ်နိုင်ငံ ဆန်စပါးလုပ်ငန်းအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်မှုများ၊ စျေးကွက်သတင်းအချက်အလက်ဖလှယ်ရေး၊ ခေတ်မီနည်းပညာများနည်းစနစ်များ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဗီယက်နမ်ရှိ လယ်ယာသီးနှံ တင်ပို့သည့် ဆိပ်ကမ်းများကို လေ့လာခြင်းတို့အား ပြုလုပ်ခဲ့ကြပါသည်။














# China International Import Expo(CIIE) သို့ ပါဝင်တက်ရောက်ရန် သွားရောက်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ COFCO International (BEIJING) Ltd မှ ကြီးမှူးလျက် နိုဝင်ဘာလ (၅)ရက်နေ့မှ (၁၀) ရက်နေ့အထိ ရှန်ဟိုင်းမြို့တွင် ကျင်းပမည့် China International Import Expo (CIIE) သို့ ပါဝင် တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ (၄.၁၁.၂၀၁၉)ရက်နေ့ ညတွင် ရှန်ဟိုင်းမြို့သို့ ထွက်ခွာသွားပါသည်။




၁၁.၃.၂၀၁၉ ရက်နေ့တွင် ပြုလုပ်ကျင်းပသည့် India Seed Congress 2019 သို့ တက်ရောက်ခြင်း








၁.၉.၂၀၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ ပြုလုပ်ကျင်းပသည့် 2nd Global Sustainable Rice Conference and Exhibition သို့ တက်ရောက်ခြင်း

# MRF နှင့် WHH ဆောင်ရွက်မှုမှတ်တမ်းများ

## ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးမျိုးစေ့ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကျင်းပ

စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဂျာမဏီနိုင်ငံ Welthungerhilfe – WHH အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "3rd Ayeyarwady Rice Seed Sector Platform Meeting and Matchmaking Session""တတိယအကြိမ်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါးမျိုးစေ့ရပ်ဝန်းနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း" အခမ်းအနားအား ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၂)ရက် နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။







## ဆန်စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Welthungerhilfe-WHH အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Rice Seed Sector Development Project – RSSD လုပ်ငန်းအစီအစဉ်အရ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို (၁၅.၇.၂၀၁၉) ရက်နေ့၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။





## မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ပုံနည်းလမ်း စာအုပ်ပေးအပ်ပွဲနှင့် ရှင်းလင်းပွဲကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Welthungerhilfe-WHH အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် Rice Seed Sector Development –RSSD အစီအစဉ်အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကြီးကြပ်ပြုစုထုတ်ဝေခဲ့သည့် "စပါးအထွက်တိုးနည်းပညာအခြေခံဖြင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ပုံနည်းလမ်း" စာအုပ်များအား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ Project အတွင်း ပါဝင်ဆောင်ရွက်လျက်ရှိသည့် တောင်သူလယ်သမားများအား ဖြန့်ချိပေးအပ်ပွဲနှင့် စာအုပ်အားပြုစုသည့် ဘဟိန်း (စိုက်ပျိုးရေး)- ဦးဘဟိန်း (အကြံပေးပုဂ္ဂိုလ်) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စာအုပ်ပါနည်းပညာများအပေါ် ကိုယ်တိုင်ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို (၁၄.၈.၂၀၁၉) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။



## ဆန်စပါးဆိုင်ရာစာအုပ်များ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပပြုလုပ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ ဆွေးနွေးပွဲမှ စာတမ်းများနှင့် အကြံပြုချက်များအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စုစည်းထုတ်ဝေထားသည့် စာအုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Welthungerhlife –WHH အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Rice Seed Sector Development Project အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်ထုတ်ဝေခဲ့သည့် "စပါးအထွက်တိုးနည်းပညာအခြေခံဖြင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ပုံနည်းလမ်း" စာအုပ်များကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသို့ ဖြန့်ဝေခြင်း၊ အသင်းဝင်တောင်သူလယ်သမားများသို့ ဖြန့်ဝေခြင်း အခမ်းအနားအား (၂၃.၈.၂၀၁၉) ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ် အခန်းအမှတ် (၄၀၆) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။






## စာတမ်းဖတ်ပွဲနှင့် အကြံပြုသုံးသပ်ဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Welthungerhilfe-WHH အဖွဲ့တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Rice Seed Sector Development Project-RSSD အစီအစဉ်အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လေ့လာပြုစုခဲ့သည့် "အကျိုးတူကန်ထရိုက်လယ်ယာစနစ်" (Contract Farming on the Rice Seed Sector in the Ayeyarwady Delta) စာတမ်းနှင့် "အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း" (Developing Incentive Mechanisms/ Public Private Partnership-PPP Model) စာတမ်းတို့အား ရှင်းလင်းတင်ပြခြင်းနှင့် စာတမ်းများအပေါ် အကြံပြုသုံးသပ်ဆွေးနွေးပွဲ အခမ်းအနားအား (၃၀.၁၀.၂၀၁၉) ရက်နေ့တွင် ကုန်သည်/စက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မျိုးစေ့ကဏ္ဍရပ်ဝန်း ဆွေးနွေးပွဲအစီအစဉ် ပြုလုပ်ကျင်းပ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန MRF နှင့် WHH တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Rice Seed Sector Development (RSSD) project အရ "ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မျိုးစေ့ကဏ္ဍရပ်ဝန်း ဆွေးနွေးပွဲ" အခမ်းအနားအား (၁၅.၁.၂၀၂၀) ရက်နေ့တွင် ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



# 2nd Regional Seed Fair

ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယအကြိမ်မြောက် မျိုးစေ့ပြပွဲ (2nd Regional Seed Fair) အား ပုသိမ်မြို့ မြို့တော်ခန်းမတွင် မတ်လ (၁၁)ရက် (၁၂)ရက်တို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။













# MRF နှင့် WHH တို့၏ ပူးပေါင်းဆောင်ရွက်မှုများ အနှစ်ချုပ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)သည် ဂျာမနီနိုင်ငံအခြေစိုက် Welthungerhlife(WHH) အဖွဲ့နှင့် ပူးပေါင်း၍ (၁၇.၈.၂၀၁၈) ရက်နေ့မှစတင်ကာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (Rice Seed Sector Development Project - RSSD Project) အား အတူတကွ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် မျိုးစေ့ပြပွဲ (Regional Seed Fiar) နှင့် စပါးမျိုးစေ့ကဏ္ဍရပ်ဝန်း ဆွေးနွေးပွဲ (Rice Seed Sector Platform Meeting) (၄) ကြိမ်နှင့် Online မှ (၁)ကြိမ် စုစုပေါင်း (၅)ကြိမ်အား အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ကျင်းပပြုလုပ်သော Seed Congress များနှင့် Global Sustainable Rice Conference & Exhibition တို့အား MRF-WHH RSSD Project အစီအစဉ်ဖြင့် Project Coordinator ဒေါက်တာမင်းအောင် မှ ဦးဆောင်လျက် သွားရောက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဆန်စပါးမျိုးစေ့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ နှင့် စပ်လျဉ်း၍ တက်ရောက် ဆွေးနွေးခဲ့ပါသည်။

အဆိုပါ Project အစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း အောက်ပါစာအုပ်များ ကိုလည်း English - Myanmar ဘာသာစကား (၂) မျိုးဖြင့် ပြန်ဆိုထုတ်ဝေနိုင်ခဲ့ပါသည် -

(1) Developing Incentive Mechanisms/Public Private Partnership (PPP)Model

(1.1) ဖွံ့ဖြိုးရေးအကူအညီပေးမှုဆိုင်ရာ လုပ်ငန်းစဉ်များ/ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP) ပုံစံဖော်ဆောင်ခြင်း

(2) Contract Farming on the Rice Seed Sector in the Ayeyarwady Delta

(2.1) ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်စပါးမျိုးစေ့ကဏ္ဍ၏ ကန်ထရိုက်လယ်ယာစနစ်

(3) Rice Seed Production Manual Through High-Flying Rice Production Technology

(3.1) စပါးအထွက်တိုးနည်းပညာအခြေခံဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ပုံ နည်းလမ်း

(4) Sharing Finding from Contract Farming, Incentive Mechanisms(PPP) Studies and Policy Feedback Workshop

(4.1) အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာတမ်းများ၏ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် သုံးသပ်ဆွေးနွေးပွဲ

ယခုအခါတွင် ဆန်စပါးကဏ္ဍပိုမိုဖွံ့ဖြိုးတက်တက်စေရန် ရည်ရွယ်၍ မျိုးစေ့ထုတ်ကုမ္ပဏီများအတွက် Seed Inventory System နှင့် ဆန်စပါးလောကတစ်ရပ်လုံး ပိုမိုနီးကပ်စွာ ထိတွေ့ဆက်သွယ်ဆောင်ရွက်နိုင်မည့် MRF Rice Portal (B2B Portal) တစ်ခုအား Mobile Phone များထဲတွင် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန် Mobile Application တစ်ခုအား Android ဖုန်းများအတွက်သာမက IOS ဖုန်းများအတွက်ပါ ဖန်တီးပြုလုပ်နိုင်ခဲ့ပြီး Google Play Store (android ဖုန်းများအတွက်) နှင့် Apple Store (IOS ဖုန်းများအတွက်) တို့တွင် လွယ်ကူလျင်မြန်စွာ Download ပြုလုပ်ကာ အသုံးပြုနိုင်ပြီး လက်ရှိတွင် ဝင်ရောက်မှတ်ပုံတင်၍ အသုံးပြုသူ ဦးရေ (၃၀၀) ကျော်ရှိလာခဲ့ပြီဖြစ်ပါသည်။ အဆိုပါ App တွင် ရောင်းသူ/ဝယ်သူ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ ဆန်စပါးနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးနိုင်ခြင်း၊ ဆန်စပါးမျိုးစေ့များ၏ အသေးစိတ် အချက်အလက်များအား ဖတ်ရှုလေ့လာနိုင်ခြင်းနှင့် ဆန်စပါးရပ်ဝန်းအတွင်း ဖြစ်ပေါ်နေသည့် သတင်းများအား ဝင်ရောက်ဖတ်ရှုနိုင်ခြင်း စသည့်အကျိုးကျေးဇူး အားသာချက်များကြောင့် ဆန်စပါးလုပ်ငန်းလုပ်ကိုင်လျက်ရှိသူများအတွက် အလွန်ပင်ရေပန်းစားကျော်ကြားလျက်ရှိပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) နှင့် Welthungerhlife(WHH) တို့၏ ဆန်စပါးမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Rice Seed Sector Development Project - RSSD Project) သည် ၂၀၁၈ ခုနှစ်မှ စတင်ကာ ဆန်စပါးကဏ္ဍကြီး တစ်ရပ်လုံးအတွက် အသုံးဝင်အရေးပါသည့် အကျိုးပြုလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ မတ်လတွင် Project သက်တမ်းကာလ ပြီးဆုံးမည်ဖြစ်ပါသည်။

# MRF Rice Portal

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)နှင့် ဂျာမဏီနိုင်ငံအခြေစိုက် Welthungerhlife(WHH) တို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးမျိုးစေ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(RSSD Project) အရ ပူးပေါင်းဖန်တီးထားသည့် "MRF Rice Portal" အား အလွယ်တကူ ဝင်ရောက်မှတ်ပုံတင်နိုင်ရေး၊ သုံးစွဲနိုင်ရေးအတွက် သုံးစွဲနည်း(User Manual) နှင့် Download ပြုလုပ် အသုံးပြုနိုင်မည့် Link တို့အား ကြိုတင်မိတ်ဆက် အသိပေးအပ်ပါသည်။ Android ဖုန်းများအတွက် Google Play Store မှ Download ပြုလုပ်ရန် - https://play.google.com/store/apps/details?id=com.mrfriceportal IOS(I Phone) ဖုန်းများအတွက် Apple Store မှ Download ပြုလုပ်ရန် - https://apps.apple.com/app/id1535435228



# နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း

## International Rice Research Institute- IRRI မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဂန်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute- IRRI) မှ Senior Scientist, Mr. Martin Gummert၊ FrigorTec GmbH မှ Dr.Claus M. Braunbeck ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲအား (၂၈.၂.၂၀၁၉) ရက်နေ့တွင် အသင်းချုပ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




## ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခြင်း

ဗီယက်နမ်နိုင်ငံမှ Viettranimex Group ၏ Chairman and Managing Director ဖြစ်သူ Mr. Nguyen Van Thanh ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် (၅)ဦးသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံဆွေးနွေးခြင်း၊ ဆန်စက်များသို့ ကွင်းဆင်း လေ့လာခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့၏ ဆန်စက်များ လေ့လာရေးခရီးစဉ်

ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်မှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်-ပုသိမ် ကားလမ်းရှိ ရွှေဝါရောင်ဆန်စက်၊ အောင်နိုင်သစ္စာဆန်စက် နှင့် စိမ်းလဲ့မြေဆန်စက်များ သို့လည်းကောင်း၊ ဒဂုံဆိပ်ကမ်း မြို့နယ်ရှိ ပင်လယ်ကိုးသွယ် ဆန်စက်သို့လည်းကောင်း ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ကိုရီးယားနိုင်ငံ Global KOMI Co., Ltd မှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌသည် ကိုရီးယားနိုင်ငံ Global KOMI Co., Ltd မှ President; Kuk Kwan Choi ဦးဆောင်သည့် အဖွဲ့နှင့် Low Temperature Storage and Warehouse System for Rice Seed (The LTSWS RS Project) ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။




## JICA နှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်း၊ ဦးရာဇာမျိုး၊ ဦးသောင်းတိုက်စိုးနှင့် အသင်းချုပ်အကြံပေးပုဂ္ဂိုလ် ဦးခင်စိုးတို့သည် JICA Project Team မှ Mr. Koyama Atsushi (Value Chain Analysis Expect)၊ ဦးဆောင်သည့်အဖွဲ့ နှင့် Project for Promoting Investment for Enhancing Industrial Competitiveness in Myanmar စသည့်အကြောင်း အရာကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။




## တရုတ်နိုင်ငံသို့ စပါးနှင့် ပီလောပီနံ (Chips) တင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေး

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စပါးနှင့်ပီလောပီနံ (Chips) များတင်ပို့ရောင်းချနိုင်ရန်အတွက် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၊ အပင်နှင့်တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဌာန (GACC)မှ ပြစုပေးပို့လာသောအခြေပြစာချုပ်မူကြမ်းအပေါ် စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမာန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၏ ညှိနှိုင်းတွေ့ဆုံ ဆွေးနွေးပွဲအားကုန်သည်/စက်မှုအသင်းချုပ်၏စီစဉ်ဖိတ်ကြားမှုအရ(၁၉.၁၁.၂၀၁၉)ရက်နေ့တွင်ပြုလုပ်ခဲ့ပါသည်။

## Sumitomo Corporation Asia & Oceania Pte Ltd နှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအာယု၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်း၊ ဦးရာဇာမျိုး၊ စာရင်းစစ် ဦးမျိုးသူရအေး ၊ ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်မိုး နှင့် အသင်းချုပ်အကြံပေးပုဂ္ဂိုလ် ဦးခင်စိုးတို့သည် Sumitomo Corporation Asia & Oceania Pte Ltd (SATOH SANGYO Co.,Ltd) မှ Mr Yukinobu Sato(President and CEO) ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် Distribution flow of Rice (Produce to Supermarket) and Rice Market in Myanmar စသည့်အကြောင်းအရာကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။




## ဗီယက်နမ်နိုင်ငံနှင့် ဆန်ကုန်သွယ်ရောင်းဝယ်ရေးကိစ္စရပ်များ ဆွေးနွေး

မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ Counselor (Head of Trade Office) နှင့် ဗီယက်နမ်နိုင်ငံ Phuoc Hung Food Trading မှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံမှ ဆန်များကို ကုန်သွယ်ရောင်းဝယ်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်သည့် ဦးအောင်ဇော်ဦး၊ ဦးရာဇာမျိုးအပါအဝင် Rice Exporters များနှင့် (၁၆.၁.၂၀၂၀) ရက်နေ့တွင် အသင်းချုပ်အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။




## NFA မှ Administrator, Ms. Atty. Judy Carol L. Dansal တို့ တွေ့ဆုံဆွေးနွေး

ဖိလစ်ပိုင်နှင့် မြန်မာ နှစ်နိုင်ငံဆန်ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ၂၁.၂.၂၀၂၀ ရက်နေ့ (သောကြာနေ့) နံနက် ၉ နာရီအချိန်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ Philippines National Food Authority မှ Administrator, Ms.Dansal, Judy နှင့် NFA Division Chief Ms. Analiza Averilla ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးများနှင့် Rice Export Promotion Committee မှ တာဝန်ရှိသူများ နှင့် Rice Exporter များ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။



# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် အသင်းချုပ်မှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်ဒုတိယသမ္မတ(၂)ဦးဆောင်လျက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာဌာနများမှညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၏ တွေ့ဆုံဆွေးနွေးမှုအား နိုင်ငံတော်သမ္မတရုံးတွင်(၁၈.၉.၂၀၁၉)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရေး၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် စပါးလှိုင်လှိုင်ပေါ်ချိန်၌ တောင်သူလယ်သမားများအတွက် အခြေခံဈေးနှုန်း ထုတ်ပြန်ကြေညာရေး၊ ဝယ်ယူရေးနှင့် သိုလှောင်ရေးအစီအစဉ်များကြိုတင်ပြင်ဆင်ထားရှိရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ကြိုတင်ပြင်ဆင်ထားရေး၊ ခရိုင်/မြို့နယ်တို့တွင် ဖွဲ့စည်းထားသော ဆန်/စပါးဝယ်ယူရေးဆိုင်ရာအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရေးကိစ္စအပါအဝင် ပြည်ပတင်ပို့မှု တိုးမြှင့်ရေးကိစ္စ၊ ပြည်ပသို့ အချိန်ကာလသတ်မှတ်ချက်၊ ပမာဏသတ်မှတ်ချက်တို့ဖြင့် စပါးတင်ပို့ရေးကိစ္စအစရှိသော ဆန်စပါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ Exporter များ၏ ဝယ်လိုအားနှင့်ဝယ်နိုင်အားကို မြှင့်တင်မည့် အစီအစဉ်များကိုလည်းကောင်း၊ အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများကို ကျေးရွာများတွင် တည်ဆောက်မည့်အစီအစဉ်များကိုလည်းကောင်း အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ ၂၀၁၉-၂၀၂၀ ခုနှစ်၊ အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ


တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ၂၀၁၉-၂၀၂၀ ခုနှစ်၊ အခြေခံ ရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ(၃၀)ရက်နေ့ မွန်းလွဲ(၁)နာရီအချိန်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကျင်းပ

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကို ဒီဇင်ဘာလ(၅)ရက်နေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အဆိုပါ စုံညီအစည်းအဝေးနှင့်စပ်လျဉ်း၍ (၆.၁၂.၂၀၁၉)ရက်နေ့တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာပါ ဖော်ပြချက်များကို ထပ်ဆင့်တင်ပြထားရှိပါသည်။ (အဆိုပါ အစည်းအဝေးမှ တင်ဒါစနစ်ဖြင့် စပါးဝယ်ယူရေး စီစဉ်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းအစိုးရအဖွဲ့အား တွေ့ဆုံခြင်း

မြောင်းမြမြို့နယ်(ကျုံဝါး)ကျေးရွာတွင် ဆန်စပါးမျိုးစေ့ထုတ် တောင်သူလယ်သမားများနှင့် တွေ့ဆုံခြင်း၊ မြောင်းမြခရိုင်နှင့် ပုသိမ်ခရိုင်တို့တွင် အသင်းချုပ်၏ ဒေသကော်မတီများဖွဲ့စည်းရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်းတို့အား(၉-၁၀-၂၀၁၉) ရက်နေ့တွင် မြောင်းမြမြို့ နှင့် ပုသိမ်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




## လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးသို့ ပါဝင်တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား(၆.၁၁.၂၀၁၉)ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးရာဇာမျိုးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။






# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများဆိုင်ရာ သင်တန်းဖွင့်လှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း/ စည်းမျဉ်းစည်းကမ်းများဆိုင်ရာသင်တန်း အမှတ်စဉ် (၁) အား (၁၅.၈.၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဝါးတန်းကုန်စည်ဒိုင်)၌ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ MITS၊ CCIC နှင့် Technical Working Group မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ခွင့်ရ ကုမ္ပဏီ(၄၃) ခုမှ သင်တန်းသား (၁၀၈)ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါသင်တန်းတွင် သီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာပြုံးပြုံးကြည်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငွေ၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်၊ CCIC မှ Country Head နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးသောင်းတိုက်စိုးတို့က ဌာနဆိုင်ရာ/ အဖွဲ့အစည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် သင်တန်းပို့ချဆွေးနွေးပေးခဲ့ကြပါသည်။









# မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားကျင်းပ

မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ 2020 ဖွင့်ပွဲအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သည်စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အား အမှူးထား၍ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ကြီးမှူးပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ Fortune Plazaတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များတက်ရောက်ခဲ့ကြပါသည်။













## အသင်းချုပ်သို့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်မှ တောင်သူလယ်သမားများ လာရောက်လေ့လာခြင်း

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မှ တောင်သူလယ်သမား(၁၇)ဦးတို့သည် ရခိုင်ပြည်နယ်အစိုးရဌာနနှင့် Relief-International အဖွဲ့၏ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့(၁၃.၃.၂၀၂၀)ရက်နေ့တွင်လာရောက်လျက် အသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာဆွေးနွေးခဲ့ကြပါသည်။

အဆိုပါလေ့လာရေးအဖွဲ့အား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်၊ ဦးရာဇာမျိုး ၊ဗဟိုအလုပ်အမှုဆောင်များနှင့် အကြံပေးပုဂ္ဂိုလ်ဦးခင်စိုးတို့က အသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကိုရှင်းလင်းတင်ပြကြပြီး လေ့လာရေးလာရောက်သည့် တောင်သူလယ်သမားများနှင့် အဖွဲ့ဝင်များအား သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။





## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူလယ်သမားများ တွေ့ဆုံဆွေးနွေး


Covid-19 ကာလအတွင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၏ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေများနှင့် အခက်အခဲအဟန့်အတားများကို ညှိနှိုင်းပူးပေါင်းကျော်လွှားနိုင်ရေးဆိုင်ရာ Online Discussion တွေ့ဆုံဆွေးနွေးပွဲကို (၂၃-၉-၂၀၂၀)ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၊ အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် အသင်းချုပ်မှ တာဝန်ရှိသူများ၊ အသင်းချုပ်၏ ဒေသကော်မတီများမှ ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ စုစုပေါင်းဦးရေ(၉၉)ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။



အစည်းအဝေးတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ခြင်းနှင့် ပြန်လည်ဝယ်ယူမည့် အစီအစဉ်၊ မိုးစပါးများ ရိတ်သိမ်းခြွေလှေ့မှု၊ အခြောက်ခံမှုအတွက် ရိတ်သိမ်းခြွေလှေ့စက်များ၊ အခြောက်ခံစက်များ စီစဉ်ဆောင်ရွက်ပေးရန် အခြေအနေ၊ လယ်ယာသုံးပုံ့ပိုးပစ္စည်းများအား ပစ္စည်းမှန်ကန်ရေး၊ ဈေးနှုန်းသင့်တင့်ရေး ကိစ္စရပ်၊ ကန်ထရိုက်လယ်ယာများ အစုအဖွဲ့အလိုက် တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းဘဏ်များနှင့် အစိုးရထံမှ ချေးငွေများ ရရှိနိုင်ရေး၊ စပါးအရည်အသွေး၊ အစိုဓါတ်နှင့် အလေးချိန် အချင်အတွယ် သတ်မှတ်ချက်များ အတည်ပြုထုတ်ပြန်နိုင်ရေး၊ မိုးစပါးများကို အခြေခံဈေးနှုန်းအောက် မရောက်ရှိ စေရေးအတွက် ဝယ်ယူပေးရန် အစီအစဉ်များတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## ၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင် ကုမ္ပဏီများမှ ကန်ထရိုက်လယ်ယာစီမံကိန်း၌ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေ။




## ၂၀၂၀ ခုနှစ်၊ မိုးစပါးရာသီတွင် Contract Farming ဆောင်ရွက်ရေးကိစ္စများ

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး၊ အာမခံဈေးနှုန်းသတ်မှတ်ဝယ်ယူနိုင်ရေး၊ အရည်သွေးကောင်း၊ ဆန်စပါးများ ပိုမိုထုတ်လုပ်နိုင်ရေးတို့အတွက် အဓိကရည်ရွယ်ပြီး ၂၀၂၀ မိုးစပါးရာသီတွင် ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ဆန်ပြည်ပတင်ပို့သူ Exporterများအား တိုက်တွန်းအကြံပြုခဲ့ပြီး၊ အသင်းချုပ်အနေဖြင့် ရာသီအချိန်မီလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် နည်းပညာဆိုင်ရာအကူအညီရရှိရန်နှင့် စာချုပ်ချုပ်ဆိုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်/ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများနှင့် ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းကူညီပေးခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီအတွက် ကုမ္ပဏီ (၃၆)ခုမှ Contract Farming ဧကပေါင်း(၁)သိန်း(၅)ထောင်ကျော်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါသည်။

## ကဉ္စနကျွန်းသာကုမ္ပဏီလီမိတက်၏ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲအခမ်းအနား

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးဇော်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့သည် (၁၉-၆-၂၀၂၀)ရက်နေ့တွင် ဓနုဖြူမြို့၌ ကျင်းပသော လယ်ဧက (၁၂၀၁၀)ဧကအတွက် ကန်ထရိုက်လယ်ယာစာချုပ် ချုပ်ဆိုခြင်း၊ မျိုးစေ့ထုတ်ဧက (၂၈၅)ဧကအတွက် စာချုပ်ချုပ်ဆိုခြင်း အစီအစဉ်များနှင့် မြန်မာ့ရှေ့ဆောင်ဘဏ်မှ တောင်သူ (၅၁၆) ဦးအား ပုံစံ-၇ အာမခံဖြင့် ကာလလတ်ချေးငွေ တစ်ဧက (၄)သိန်း ထုတ်ပေးသည့် အစီအစဉ်များကို သွားရောက်အားပေးပြီး ဒေသခံတောင်သူများ၊ ဧရာဝတီတိုင်းစိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ကဉ္စနကျွန်းသာ (Gold Delta) ကုမ္ပဏီတို့၏ ကန်ထရိုက်လယ်ယာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ပါသည်။





# အားဖြည့်ဆန်စီမံကိန်းအား လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ LIFT အဖွဲ့အစည်း၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် အားဖြည့်ဆန်စီမံကိန်း (Fortified Rice in Myanmar Project) အား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ လွှဲပြောင်းပေးအပ်ပွဲကို (၂၈.၁၁.၂၀၁၉) ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးအာယု၊ ဦးသောင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဒေသကော်မတီဝင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ ဒေါက်တာအေးမြမြကျော်၊ စီမံကိန်းမန်နေဂျာ ဒေါက်တာဖြိုးဝေထွန်းနှင့် စီမံကိန်းမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ အစားအစာနှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အားဖြည့်ဆန်စီမံကိန်းအား နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်မှုစီမံကိန်းအစီအစဉ် ပြီးဆုံးသွားသော်လည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ လွှဲပြောင်းပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။







## အခြောက်ခံစက်နှင့် သိုလှောင်ရုံတည်ဆောက်ရေးအတွက် ချေးငွေရရှိရေး ဆောင်ရွက်မှုများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျေးရွာဒေသအခြေပြု သီးနှံအခြောက်ခံစက်နှင့် သီးနှံသိုလှောင်ရုံတည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စီမံကိန်းသည် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတွင် အချက်အခြာကျသည့် နေရာဒေသ (၅၁) နေရာတွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများ လျော့နည်းစေခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ခြင်းများ ဆောင်ရွက်လာနိုင်ခြင်းကြောင့် ဈေးကောင်းရရှိခြင်း၊ ဒေသအခြေပြု အငယ်စား၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ပါသည်။

အဆိုပါ စီမံကိန်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ကနဦးလျှောက်လွှာများ ခေါ်ယူခဲ့ပြီး ဝန်ကြီးဌာနအသီးသီးသို့ ဆက်လက်တင်ပြခွင့်ပြုချက် ရရှိရေးဆောင်ရွက်လျက်ရှိပါသည်။ ချေးငွေလျှောက်ထားသူများအား သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရေးအတွက် Global Komi Limited နှင့် ချိတ်ဆက်လျက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

# ရေဘေးသင့် ပြည်သူများအတွက် လှူဒါန်းခြင်း

မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသင်းခွဲများ၊ ကုန်စည်ဒိုင်များနှင့် ဆန်စပါးလုပ်ငန်းလုပ်ကိုင်သူများမှ စုပေါင်းလှူဒါန်းသည့်ဆန်အိတ်(၂၂၅၀)၊ ငွေကျပ်သိန်း(၂၀၀)နှင့်ဓာတ်မြေဩဇာ(၃၇၀)အိတ် ပေးအပ်လှူဒါန်းခြင်း အခမ်းအနားအား ယနေ့ (၁၂.၈.၂၀၁၉)ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါလှူဒါန်းပွဲသို့အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၂)ဦးဟင်နရီဗန်တီးယူ၊ မွန်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အလှူရှင်များကိုယ်စား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဦးဆောင်ပေးအပ်လှူဒါန်းမှုပြုခဲ့ကြပါသည်။











## Kett Electric Laboratory Project Coordinator ရန်ပုံငွေထည့်ဝင်လှူဒါန်းခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာမျိုးအောင်ကျော်သည် အသင်းချုပ်နှင့် ဂျပန်နိုင်ငံ Kett Electric Laboratory တို့ ပူးပေါင်းဆောင်ရွက်သည့် Project တွင် Coordinator အဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ကုန်ကျစရိတ်များအတွက် အဆိုပါ Project မှ လွှဲပြောင်းပေးသည့် USD 20600 မှ USD 10000 အား အသင်းချုပ်ရန်ပုံငွေအဖြစ် ဒေါက်တာမျိုးအောင်ကျော်မှ ပြန်လည်ထည့်ဝင်လှူဒါန်းခဲ့ပါသည်။

# ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် 12th The Rice Trader World Rice 2020 Virtual Conference သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်စီစဉ်မှုဖြင့် Exporter ကုမ္ပဏီ(၂၁) ခုပါဝင်တက်ရောက်ဆွေးနွေးခြင်း




# မြန်မာနိုင်ငံ လူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခွင့်ရရှိခြင်း

မြန်မာနိုင်ငံ လူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းအား၂၀၁၈ ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ပါဝင်သည့် လူငယ်များတွေ့ဆုံရာ၌ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုအရ အဆင့်ဆင့်ဖွဲ့စည်းနိုင်ရေးကြိုးစားဆောင်ရွက်ခဲ့ရာ (၃-၁၂-၂၀၂၀)ရက်နေ့တွင် စတင်ဖွဲ့စည်းခွင့်ရရှိခဲ့သည့်အသင်းဖြစ်ပါသည်။

မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းအနေဖြင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Supply Chain တစ်ခုလုံးတွင် ပါဝင်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ သိုလှောင်ကြိတ်ခွဲရေးကဏ္ဍ၊ ပြည်တွင်းပြည်ပ ကုန်သွယ်ရောင်းဝယ်ရေးကဏ္ဍ စသည်တို့အားမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်အတူ သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။


အသင်း မှတ်ပုံတင်လက်မှတ်နှင့်လိုင်စင်
Certificate of Registration and Licence

MYANMAR RICE FEDERATION YOUNG ENTREPRENEUR SOCIETY (MRF-YES) INCORPORATED
Company Registration No. 128738207

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ အရ

အား ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် လုပ်ငန်းလိုင်စင်နှင့် အတူ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခွင့် ပြုလိုက်သည်။

This is to certify that
MYANMAR RICE FEDERATION YOUNG ENTREPRENEUR SOCIETY (MRF-YES) INCORPORATED
was registered by licence as an association (company limited by guarantee) under the Myanmar Companies Law 2017 on 3 December 2020.

ကုမ္ပဏီမှတ်ပုံတင်အရာရှိ
Registrar of Companies
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
Directorate of Investment and Company Administration

DICA

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

ဘဏ္ဍာရေးရှင်းတမ်းများ

(၃၀.၉.၂၀၂၀) နေ့ရှိဘဏ္ဍာရေးရှင်းတမ်း

(၃၀.၉.၂၀၂၀)နေ့ရှိ ဝင်ငွေနှင့်အသုံးစရိတ်စာရင်း

စစ်ဆေးသောကာလ–(၁.၁၀.၂၀၁၉ မှ ၃၀.၉.၂၀၂၀)

THAUNG AYE & ASSOCIATES

AUDITORS & FINANCIAL CONSULTANTS

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ၃၀.၉.၂၀၂၀ နေ့ရှိ လက်ကျန်ရှင်းတမ်းအခြေအနေ

| အကြောင်းအရာ | နောက်ဆက်တွဲ ဇယား | (ကျပ်) သင့်ငွေ ၁.၁၀.၂၀၁၉ မှ ၃၀.၉.၂၀၂၀ ထိ | (ကျပ်) သင့်ငွေ ၁.၄.၂၀၁၈ မှ ၃၀.၉.၂၀၁၉ |
|---|---|---|---|
| **ပုံသေပိုင်ပစ္စည်းများ** | | | |
| **လက်ငင်းမဟုတ်သောပိုင်ဆိုင်ပစ္စည်းများ** | | | |
| ပုံသေပိုင်ပစ္စည်းများ | ၁ | 96,708,588.26 | 78,829,644.52 |
| **လက်ငင်းပိုင်ဆိုင်ပစ္စည်းများ** | | | |
| အသုံးစရိတ်ကြိုတင်ပေးငွေများ | ၂ | 17,487,994.30 | 23,267,050.00 |
| ကြိုတင်ပေးငွေများ- REPC | ၃ | 6,484,989,875.48 | - |
| စာရင်းပိတ်ကုန်လက်ကျန် | ၄ | 263,424,000.00 | - |
| ကြိုတင်ပေးငွေများ | | 2,554,000.00 | - |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ | ၅ | 36,300,000.00 | 13,060,000.00 |
| ဘဏ်နှင့်ငွေလက်ကျန် | ၆ | 166,408,768.28 | 107,647,500.93 |
| **စုစုပေါင်းပိုင်ဆိုင်ပစ္စည်းများ** | | **7,067,873,226.32** | **222,804,195.45** |
| **ပိုင်ဆိုင်ခွင့်နှင့် ပေးရန်တာဝန်များ** | | | |
| **ပိုင်ဆိုင်ခွင့်** | | | |
| နှစ်စဉ်ရန်ပုံငွေ | ၇ | 189,624,307.45 | 138,970,074.00 |
| အသုံးစရိတ်ထက်ပိုသောဝင်ငွေ | | 118,461,443.47 | 11,468,583.45 |
| စုစုပေါင်းပိုင်ဆိုင်ခွင့် | | 308,085,750.92 | 150,438,657.45 |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | - | - |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ၈ | 160,795,043.40 | 47,093,063.00 |
| အခြားလက်ငင်းပေးရန်တာဝန်များ | | - | 11,302,632.00 |
| ကြိုတင်ရငွေများ | ၉ | 127,352,922.00 | 13,969,843.00 |
| ကြိုတင်ရငွေများ- REPC | ၁၀ | 6,471,639,510.00 | - |
| **စုစုပေါင်းပိုင်ဆိုင်ခွင့်နှင့် ပေးရန်တာဝန်များ** | | **7,067,873,226.32** | **222,804,195.45** |

Aung Myint
Treasurer
Myanmar Rice Federation

Lu Maw Myint Maung
Secretary General
Myanmar Rice Federation

Ye Min Aung
President
Myanmar Rice Federation

Myo Thura Aye
Auditor
Myanmar Rice Federation

**THAUNG AYE & ASSOCIATES**

CERTIFIED PUBLIC ACCOUNTANTS, AUDITORS & FINANCIAL CONSULTANTS

# ပြင်ပစာရင်းစစ်အစီရင်ခံစာ

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ၂၀၂၀ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ရှိ ဝင်ငွေနှင့်အသုံးစရိတ်များပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများ စစ်ဆေးပြီး ဖြစ်ပါသည်။

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် စာရင်းစစ်ရန်လိုအပ်သော အထောက်အထားများ အပြည့်အစုံ ရရှိခဲ့ပါသည်။

**အကြံပြုချက်**

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်း ဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ပြုစုထားပြီး အရေးပါသော အချက်များကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားသည်ဟု ထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များ နှင့်အညီ

(၁) လိုအပ်သော သတင်းအချက်လက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီဖြစ်ကြောင်း

(၂) စာရင်းအင်းနှင့် စာရင်းစာအုပ်များကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

THAUNG AYE & ASSOCIATES

ရန်ကုန်၊

ရက်စွဲ။ 08 DEC 2020

THAUNG AYE
Certified Public Accountant
Auditor & Financial Consultant

Room No. (406), 4th Floor, Bo Myat Tun Tower (B), Bo Myat Tun Road, Botataung Tsp,
Yangon, Myanmar. Tel : 09-5172158. 09 255594353
Email : thaungaye.associates@gmail.com

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

ဝင်ငွေနှင့်အသုံးစရိတ်စာရင်းရှင်းတမ်း (၁.၁၀.၂၀၁၉ မှ ၃၀.၉.၂၀၂၀)

| အကြောင်းအရာ | နောက်ဆက်တွဲ ဇယား | (ကျပ်) သင့်ငွေ ၁.၁၀.၂၀၁၉ မှ ၃၀.၉.၂၀၂၀ ထိ | (ကျပ်) သင့်ငွေ ၁.၄.၂၀၁၈ မှ ၃၀.၉.၂၀၁၉ |
|---|---|---|---|
| **ဝင်ငွေစာရင်း** | | | |
| နှစ်စဉ်ကြေး | ၁၁ | 19,365,371.00 | 13,702,221.00 |
| အခြားဝင်ငွေများ | ၁၁ | 300,175.12 | 40,166,140.00 |
| လှူဒါန်းငွေများ | ၁၁ | 295,571,980.00 | 141,811,690.00 |
| ဘဏ်တိုးရငွေ | ၁၁ | 11,388,068.84 | 3,573,960.76 |
| စုစုပေါင်းဝင်ငွေ | | 326,625,594.96 | 199,254,011.76 |
| **အသုံးစရိတ်များ** | | | |
| အထွေထွေနှင့် အုပ်ချုပ်မှုစရိတ် | ၁၂ | 199,697,137.36 | 183,030,854.00 |
| တန်ဖိုးလျော့စရိတ် | ၁ | 14,519,370.26 | 10,377,323.48 |
| စုစုပေါင်းကုန်ကျစရိတ် | | 214,216,507.62 | 193,408,177.48 |
| အသုံးစရိတ်ထက်ပိုသောဝင်ငွေ | | 112,409,087.34 | 5,845,834.28 |
| အခြေပစ္စည်းမှမြတ်စွန်းငွေ | ၁၃ | 5,770,314.00 | 5,228,125.00 |
| နိုင်ငံခြားငွေကြေးလဲလှယ်မှု - အမြတ် | | 282,042.13 | 394,624.17 |
| **အသုံးစရိတ်ထက်ပိုသောဝင်ငွေ** | | **118,461,443.47** | **11,468,583.45** |

Aung Myint
Treasurer
Myanmar Rice Federation

Lu Maw Myint Maung
Secretary General
Myanmar Rice Federation

Ye Min Aung
President
Myanmar Rice Federation

Myo Thura Aye
Auditor
Myanmar Rice Federation

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

၂၀၂၀ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

| | ကျပ် | |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်မှုများအရ ငွေသားစီးဆင်းမှုများ** | | |
| အခွန်နုတ်ပြီး အသားတင်အမြတ် / (အရှုံး) | | 118,461,443.47 |
| **ညှိနှိုင်းချက်** | | |
| ပုံသေပိုင်ပစ္စည်းတန်ဖိုးလျော့စရိတ် | 14,519,370.26 | |
| ယခင်နှစ်စာရင်းညှိနှိုင်းချက် | (3,952,500.00) | |
| ပုံသေပိုင်ပစ္စည်းများရောင်းရသောမြတ်စွန်းငွေ | (5,770,314.00) | |
| **လည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်မီလုပ်ငန်းဆောင်ရွက်ချက်** | | 4,796,556.26 |
| **လည့်လည်ရင်းနှီးငွေပြောင်းလဲမှု** | | |
| ကြိုတင်ပေးငွေများ | (6,479,210,819.78) | |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ | (23,240,000.00) | |
| ကြိုတင်ပေးငွေများ | (2,554,000.00) | |
| စာရင်းပိတ်ကုန်လက်ကျန် | (263,424,000.00) | |
| ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိများ | 113,701,980.40 | |
| အခြားလက်ငင်းပေးရန်တာဝန်များ | (11,302,632.00) | |
| ကြိုတင်ရငွေများ | 6,585,022,589.00 | |
| လုပ်ငန်းဆောင်ရွက်ချက်များအရငွေသား(အသုံးပြုမှု)/စီးဝင်မှု | | (81,006,882.38) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသား(အသုံးပြုမှု)/စီးဝင်မှု** | | |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသား (အသုံးပြုမှု)/စီးဝင်မှု** | | |
| ဝယ်ယူမှု / ရောင်းချမှု ပုံသေပိုင်ပစ္စည်း | (35,975,500.00) | |
| ပုံသေပိုင်ပစ္စည်းများရောင်းရငွေ | 13,300,000.00 | |
| | | (22,675,500.00) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရအသားတင်ငွေသား (အသုံးပြုမှု)/စီးဝင်မှု** | | |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | | |
| နှစ်စဉ်ရန်ပုံငွေ | 39,185,650.00 | |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဆင်းမှုများ** | | 39,185,650.00 |
| ငွေသားအသားတင်အတိုး / (အလျော့) | | 58,761,267.35 |
| နှစ်စရှိ ငွေနှင့်ငွေသားညီမျှခြင်းလက်ကျန် | | 107,647,500.93 |
| **နှစ်ဆုံးရှိ ငွေနှင့်ငွေသားညီမျှခြင်းလက်ကျန်** | | **166,408,768.28** |

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

### ပုံသေပိုင်ပစ္စည်းများ

ဇယား(၁)

| | | Cost | | | | | Depreciation | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | 1.10.2019 | Addition | Disposal | Total | Rate | 1.10.2019 | During the Year | Disposal Accumulated Depreciation | Total | Book Value 30.9.2020 |
| 1 | ရုံးသုံးပရိဘောဂများ | 30,620,365.00 | 444,800.00 | | 31,065,165.00 | 10% | 18,523,582.50 | 2,927,135.83 | | 21,450,718.33 | 9,614,446.67 |
| 2 | ရုံးသုံးစက်ပစ္စည်းများ | 49,316,055.00 | 5,828,600.00 | | 55,144,655.00 | 10% | 39,293,154.00 | 1,579,985.50 | | 40,873,139.50 | 14,271,515.50 |
| 3 | မော်တော်ယာဉ် | 44,785,950.00 | 29,702,100.00 | 11,850,000.00 | 62,638,050.00 | 12.5% | 5,349,562.43 | 7,210,962.45 | 4,320,314.00 | 8,240,210.88 | 54,397,839.12 |
| 4 | ဝက်ဆိုဒ်တပ်ဆင်ခ | 4,655,540.00 | - | | 4,655,540.00 | 33.3% | 2,278,256.55 | 1,085,071.48 | | 3,363,328.03 | 1,292,211.97 |
| 5 | ရုံးခန်းပြင်ဆင်ခြင်း | 34,324,300.00 | - | | 34,324,300.00 | 5% | 15,475,510.00 | 1,716,215.00 | | 17,191,725.00 | 17,132,575.00 |
| | | 163,702,210.00 | 35,975,500.00 | 11,850,000.00 | 187,827,710.00 | | 80,920,065.48 | 14,519,370.26 | 4,320,314.00 | 91,119,121.74 | 96,708,588.26 |

Ye Min Aung
President
Myanmar Rice Federation

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

၃၀.၉.၂၀၂၀ နေ့ရှိ ဝင်ငွေနှင့်အသုံးစရိတ်

| အထွေထွေနှင့် အုပ်ချုပ်မှုစရိတ် | ဇယား(၁၂) |
|---|---|
| လုပ်ခနှင့်လစာ စရိတ် | 75,101,735.00 |
| စက်သုံးဆီစာရင်း | 2,914,500.00 |
| အင်တာနက်နှင့်အီးမေးလ် စရိတ် | 737,610.70 |
| ဆက်သွယ်ဆောင်ရွက်ခစရိတ် | 1,664,250.00 |
| ပုံနှိပ်ရိုက်ခနှင့်ရုံးသုံးပစ္စည်း | 5,702,170.00 |
| မော်တော်ယာဉ်ပြင်ဆင်စရိတ် | 247,400.00 |
| လျှပ်စစ်ပြင်ဆင်စရိတ် | 57,000.00 |
| ရုံးခန်းပြင်ဆင်စရိတ် | 674,300.00 |
| ရုံးသုံးရုံးသုံးစက်ပစ္စည်းများပြင်ဆင်စရိတ် | 916,524.00 |
| သယ်ယူပို့ဆောင်စရိတ် | 1,180,132.00 |
| ခရီးစရိတ် | 19,725,399.66 |
| သန့်ရှင်းရေးစရိတ် | 562,700.00 |
| သောက်ရေအသုံးစရိတ် | 253,400.00 |
| အထွေထွေဧည့်ခံစရိတ် | 7,095,900.00 |
| သတင်းစာစရိတ် | 952,500.00 |
| အထွေထွေအသုံးစရိတ် | 151,800.00 |
| လက်ဆောင်ပေးခြင်းစရိတ် | 5,519,100.00 |
| ဝန်ဆောင်ခစရိတ် | 350,000.00 |
| ဘဏ်ဝန်ဆောင်ခစရိတ် | 54,650.00 |
| လျှပ်စစ်မီတာခ | 4,388,967.00 |
| ဝန်ထမ်းစားသောက်စရိတ် | 1,505,700.00 |
| ကြော်ငြာစရိတ် | 1,615,000.00 |
| ဥာဏ်ပူဇော်ခ | 6,878,000.00 |
| လှူဒါန်းစရိတ် | 9,612,800.00 |
| ရုံးခန်းအလှပြင်ဆင်ခြင်း | 4,533,125.00 |
| အခန်းငှားခ | 24,648,000.00 |
| အခြားငှားရမ်းခ | 519,600.00 |
| ဂိုထောင်ငှားရမ်းခ | 1,570,900.00 |
| အထွေထွေအသုံးစရိတ် | 1,525,050.00 |
| ဝန်ထမ်းဆုကြေး | 1,800,000.00 |
| ဝန်ထမ်းဆေးအသုံးစရိတ် | 1,000,000.00 |
| စာရင်းစစ်ဆေးခ | 800,000.00 |
| ဒေသကော်မတီအသုံးစရိတ် | 15,438,924.00 |
| **Ks.** | **199,697,137.36** |

www.myanmarricefederation.org

**MYANMAR RICE FEDERATION (Head Office)**
No.29, UMFCCI Tower, Room(901-903), Level 9,
Min Ye Kyaw Swar Road, Lan Ma Daw Township., Yangon, Union of Myanmar.
**Tel:** (+95-1) 218 266~8, 2301128~9
**Fax:** (+95-1) 218 266
**Email :** admin@mrf.com.mm